# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The Mirror Daily*

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (31-3-2016) (၈၅၂၂)


# နှစ် ၅၀ မြန်မာ့သမိုင်းတစ်လျှောက် အမြင့်မားဆုံးအပြောင်းအလဲ

# ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒများဖြင့် ဖွဲ့စည်းသော အစိုးရသစ် စတင်ပြီ

## နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

### နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်ထံ တာဝန်များ လွှဲပြောင်းပေးအပ်



ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၃၀**

နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်တို့အား တွေ့ရစဉ်။ (သတင်းစဉ်)

- ပလ္လင်သည် မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးလေးနက်နက်ဖော်ကျူးနေသကဲ့သို့ စလွယ်သည် ထီးသုံးနန်းသုံး ရာထူးဌာန္တရ အမှတ်သင်္ကေတဖြစ်သည်။
- ပလ္လင်နှင့် စလွယ်တို့မှာ မြန်မာနိုင်ငံ၏ အမြင့်မြတ်ဆုံး အမှတ်သင်္ကေတများဖြစ်ပေရာ အမြဲထာဝရ ကျင့်သုံးအပ်သော သမိုင်းအစဉ်အလာများဖြစ်သည်။
- ယခုကဲ့သို့ သီဟာသနပလ္လင်ရှေ့တွင် နိုင်ငံတော်သမ္မတအဆောင်အယောင်ဖြစ်သည့် စလွယ်ကို လွှဲပြောင်းပေးအပ်ခြင်းသည် လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ မြင့်မြတ်ခြင်း၊ ခံ့ညားခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အထိမ်းအမှတ်လက္ခဏာတစ်ရပ်ဖြစ်ပေသည်။





» ရန်ကုန်အရောင်းပြခန်း (၁) - အမှတ်(၉၅၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၈

» ရန်ကုန်အရောင်းပြခန်း (၂) - အမှတ် K (၆၄၊၆၅၊၆၆၊၆၇)သီရိရတနာဈေးသစ်၊အမှတ်(၃)လမ်းမကြီး၊လှိုင်သာယာမြို့နယ်။ ဖုန်း-၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၅

» မန္တလေးအရောင်းပြခန်း (၁) - (၈၁)လမ်းနှင့်(၃၂)လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၅၇၁၁၁၈၄၊ ၀၉-၂၅၇၁၁၁၈၅

**ကြေးမုံစာတည်းရှေ့ထောင့်** **၃၁-၃-၂၀၁၆၊ ကြာသပတေးနေ့**

# ပြည်သူ့အတွက် ပြည်သူတင်မြှောက်သော ပြည်သူ့အစိုးရ

၁၉၈၈ ပြည်သူ့အရေးတော်ပုံကြီးက စတင်ခဲ့သည့် ဒီမိုကရေစီတော်လှန်ရေးအောင်ပွဲတစ်ဆင့်တက်ခဲ့ပြီ။

ဒီမိုကရေစီပန်းတိုင်ရောက်ပြီဟု ပြည့်ပြည့်ဝဝမကြွေးကြော်နိုင်သေးလင့်ကစား ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုဖြင့် အပ်ကျမပ်ကျ ရောက်ပြီဟူ၍ ကျူးရင့်နိုင်ခဲ့ပြီဖြစ်သည်။

၁၉၆၂ ဒီမိုကရေစီဆိတ်သုဉ်းချိန်ကစပြီး အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲအဆက်ဆက်မှာ အသက်သွေးချွေးစတေးခဲ့ကြသည့် ပြည်သူများကို အလေးပြုလွမ်းဆွတ်ရင်း ဒီမိုကရေစီပန်းတိုင်ကို လှမ်းမျှော်ကြည့်နေနိုင်ကြပြီ။

ယနေ့အစိုးရသစ်ပြောင်းပြီ။

ဒီမိုကရေစီအုတ်မြစ် ခိုင်ခံ့သွားအောင် တည်ဆောက်မည့် အစိုးရသစ်ပေါ်ထွက်လာခဲ့ပြီ။ အာဏာရှင်အစိုးရအဆက်ဆက်က အလွဲအမှားများ၊ အဂတိလိုက်စားမှုများ၊ ကိုယ်ကျိုးရှာအခွင့်ထူးခံမှုများကြောင့်ဖြစ်ခဲ့ရသည့် နိုင်ငံတော်တစ်ခုလုံး ယိုယွင်းပျက်စီးချွတ်ခြုံကျမှုများက တင်းကြမ်း။ ဤသည်တို့ကို ကယ်တင်ကုသရန် အစိုးရသစ်အနေဖြင့် အများကြီးကြိုးစားရုန်းကန်ကြရဦးမည်။ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုအင်အားနှင့် ထောက်ခံကူညီမှုကို အားပြု၍ အနာဂတ်နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြရပေဦးမည်။

လက်ငင်းအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ဆောင်ရွက်ဖို့အသာထား ကျန်နေရစ်သည့် ပြဿနာအခက်အခဲများကို စာရင်းပြုစုရသည်ကပင် အလုပ်ကြီးတစ်ခုဖြစ်နေသည်။ ကုသရေးအသာထား ရောဂါရှာဖွေရေးလုပ်ရသည်ကပင် စိန်ခေါ်မှုကြီးတစ်ခု။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအစိုးရသစ်ပေါ်ထွက်ခဲ့ပြီ။ ပြည်သူကရွေးချယ်တင်မြှောက်သည့် ပြည်သူ့အတွက် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်လာခဲ့ပြီ။ သည်လိုပြည်သူ့အစိုးရတစ်ရပ်ကိုပြန်ရဖို့ ပြည်သူတို့နှစ်ပေါင်းများစွာ မျှော်ခဲ့ကြရသည်။

မိမိတို့အမျှော်ကြီးမျှော်ခဲ့ရသော အစိုးရသစ်ကိုရရှိသည့်အခါ မိမိတို့ကိုယ်တိုင် ကူညီအားပေး၍ အစိုးရသစ်နှင့်အတူလက်တွဲကာ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပါဝင်သယ်ပိုးကြဖို့ အဆင်သင့်ဖြစ်နေကြပြီ။

ပြည်သူတို့ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် ပေါ်ထွက်လာသော ပြည်သူ့အစိုးရသည် မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးတိုးတက်သာယာရေး၊ ပြည်ထောင်စုသားများ၏ စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုသားအားလုံး တန်းတူညီအေးအတူပူးအမျှနေနိုင်ရေး၊ ပြည်ထောင်စုကြီး ဒီမိုကရေစီပြည့်ဝခိုင်မာပြီး နိုင်ငံတကာအလယ်မှာ ခေါင်းမော့ဝင့်ကြွားနိုင်ရေးတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ပါစေသတည်း။

## ပခုက္ကူမြို့တွင် စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ပခုက္ကူ မတ် ၃၀**

ပခုက္ကူမြို့နယ် ပရဟိတအသင်းများစုပေါင်း၍ကျင်းပသော စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကြီးကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ ခရိုင်ပြည်သူ့အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲနှင့် ဈေးရောင်းပွဲတော်ကြီးတွင် စာပေဟောပြောပွဲ၊ ပန်းချီလက်တွေ့ရေးဆွဲပွဲ၊ ယနေ့ ပန်းချီရေစီးကြောင်းဟောပြောပွဲ၊ ပန်းချီပြပွဲ၊ နိဗ္ဗာန်ဈေးရောင်းပွဲ၊ ပညာပေးပြပွဲများပါဝင်ပြီး စာရေးဆရာများဖြစ်ကြသော ဆရာမသန်းမြင့်အောင်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ ဂျင်မီ၊ မင်းကိုနိုင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဂျူး၊ မသီတာ(စမ်းချောင်း)၊ အောင်မြင့်(ဆေး-မန်း)၊ ဦးထွန်းလွင်(မိုး/ဇလ)နှင့် ညီပုလေးတို့က ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ နိုင်ငံရေး၊ ပရဟိတလုပ်ငန်း စသည့် ခေါင်းစဉ်များကို တစ်ညလျှင် စာရေးဆရာနှစ်ဦးတို့က ခေါင်းစဉ်တစ်မျိုးစီဖြင့် ငါးညတိုင် ဟောပြောကြမည်ဖြစ်သည်။

ထို့အပြင် ဆရာကျော်ဖြူစံ၊ ကျော်သောင်း၊ တင်လှဝင်းထင်နှင့်အဖွဲ့တို့ကလည်း ပန်းချီအကြောင်း၊ စာအကြောင်း စာတွေ့လက်တွေ့ အားဖြည့်ပါဝင်ပြီး စာအုပ်ဈေးရောင်းပွဲတော်ကြီးတွင် ရန်ကုန်-မန္တလေးမြို့ကြီးတို့ရှိ စာပေတိုက် ၂၃ တိုက်မှလည်း ဆိုင်ခန်းပေါင်း ၂၈ ခန်းဖြင့် ခင်းကျင်းပြသ၍ ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် စာပေမြတ်နိုးသူများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## ခရီးသွားဧည့်သည်များ မြန်မာမှုလက်ရာများကို နှစ်သက်စွာအသုံးပြုလာ

**မန္တလေး မတ် ၃၀**

ခရီးသွားဝန်ဆောင်မှု လုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုပင်ဖြစ်ပြီး ဝင်ငွေကောင်းစွာရရှိစေသည့်အတွက်မီးခိုးမထွက်သည့် စက်ရုံဟုပင် တင်စားထားသည်။ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှစတင်က နိုင်ငံခြားသားခရီးသည်ဝန်ဆောင်မှုလုပ်ငန်း အားကောင်းလာခဲ့ပြီး လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအပေါ် အခြေခံကာ သမားရိုးကျအနေဖြင့် စက်တင်ဘာလမှစကာ ဧပြီလအထိ ခရီးသွားရာသီဟု သတ်မှတ်ထားသည်။

မေလမှစကာ ဇူလိုင်လအထိ ခရီးသွားမှုနည်းပါးသွားပြီး ဩဂုတ်လဆန်းပိုင်းမှစကာ ဒေသအခေါ် စပိန်ရာသီအဖြစ် သတ်မှတ်ထားသည်။ လက်ရှိကာလ နွေရာသီ မန္တလေးမြို့တွင် ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု များပြားလျက်ရှိနေသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များမှာ နေရာဒေသ အသီးသီးတွင် အမျိုးမျိုးလေ့လာကြသည်။ ခရီးဝေးများအတွက် ကားများ၊ ဆိုင်ကယ်များ၊ ပြိုင်စက်ဘီးများဖြင့် အုပ်စုလိုက်သွားရောက်လည်ပတ်လေ့လာကြသည်။

မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ နာမည်ကျော်နေရာများကို လေ့လာသလိုမြို့ထဲ ချောင်ကျသည့်နေရာများအထိ လေ့လာကြသည်။ အများစုသော နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မြန်မာမှုလက်ရာများကို အထူးသဘောကျနှစ်သက်ကြသည်။ ပူပြင်းသော နွေရာသီတွင် မြန်မာ့ရိုးရာသနပ်ခါးများကို ပါးကွက်ကွက်ခြင်း၊ မြန်မာဆန်ဆန်ပုဆိုး၊ ထမီဝတ်ဆင်ခြင်းများ ပြုလုပ်ကြသည်။

အထူးသဖြင့် နွေရာသီတွင် မြန်မာမှု ဝါးခမောက်လေးများကို ဝယ်ယူဆောင်းကာလေ့လာကြသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်အမျိုးသမီးများမှာမူ မြန်မာ့ရိုးရာပုသိမ်ထီးကလေးများကို ဝယ်ယူဆောင်းကာလည်ပတ်ကြသည်။ ပြောင်းလဲတိုးတက်လာသော ခရီးသွား လုပ်ငန်းအကြားခရီးသွားဧည့်သည်များမှာ မြန်မာမှုဓလေ့များ၊ မြန်မာ့အလှ၊ မြန်မာ့ရှုခင်းများကို အထူးသဘောကျ နှစ်သက်ကြောင်း သိရသည်။ **(တိမ်တမန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃၀**

ရန်ကုန်(ရွှေဈေး) ၇၈၃၅၀၀ - ၇၈၄၅၀၀ မန္တလေး(ရွှေဈေး) ၇၈၃၅၀၀ - ၇၈၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ်၊ | ၅၁၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၂၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၃. ၈ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၀. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၈၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅. ၄၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၄၄၈ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၈. ၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၃၄ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၇. ၂၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့ နောက် နံပါတ်ပြား မပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Established in 1957
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရွှေဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတအသစ်အဖြစ် ရွေးချယ်ခြင်းခံထားရသည့် ဦးထင်ကျော်ထံ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးအပ်သည့်ကြေညာချက်ကို ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ အဆောင်အယောင်ရွှေစလွယ်ကို နိုင်ငံတော်သမ္မတအသစ်အဖြစ် ရွေးချယ်ခြင်းခံထားရသည့် ဦးထင်ကျော်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဉာဏ်ထွန်းနှင့် တက်ရောက်လာကြသူများက ဒုတိယသမ္မတအသစ် ဦးမြင့်ဆွေ၊ ဒုတိယသမ္မတအသစ် ဦးဟင်နရီဗန်ထီးယူနှင့် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးအပ်သည့် ကြေညာချက်နှင့် သမ္မတ အဆောင်အယောင် ရွှေစလွယ်ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတသစ်အဖြစ် ရွေးချယ်ခြင်းခံရသည့် ဦးထင်ကျော်ထံ လွှဲပြောင်းပေးအပ်။



နိုင်ငံတော်သမ္မတ တာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ တာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသူများသည် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

### ပွဲခင်းသာ

အမှန်တရားဟာ
ချောင်ကျကျ စားပွဲမှာ
ဦးထုပ် ဂိုက်ဂိုက်ဆောင်း ထိုင်နေရာက
ထ…ရပ်…
ဇာတ်ခုံပေါ် တက်လာနေပြီ
မီးထိန်ထိန် စည်းဝါးညီလို့
ဆိုင်းဝိုင်းထဲက
ပတ်မကြီးကို
(ဘယ်သူမှယောင်လို့)
ခလုတ်တိုက် မရအောင်
လူကလေးတစ်သိုက်
ဝန်းရံထိုင်လိုက်သပ
ပွဲစပါဗျို့။

မင်းကိုနိုင်

# အီဘိုလာဗိုင်းရပ်(စ်)ကူးစက်ပျံ့နှံ့မှု နိုင်ငံတကာအရေးပေါ်ကြေညာချက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုပ်သိမ်း

**မွန်ရိုးဗီးယား မတ် ၃၀**

အနောက်အာဖရိကနိုင်ငံများတွင် ၂၀၁၄ ခုနှစ် ဩဂုတ်လက ထုတ်ပြန်ကြေညာခဲ့သော အီဘိုလာဗိုင်းရပ်(စ်) ကူးစက်ပျံ့နှံ့မှု နိုင်ငံတကာအရေးပေါ်ကြေညာချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

မတ် ၂၉ ရက်ကကျင်းပခဲ့သည့် အီဘိုလာဗိုင်းရပ်(စ်)အရေးပေါ်ကော်မတီအစည်းအဝေးရလဒ်ပေါ်အခြေခံပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်က အီဘိုလာဗိုင်းရပ်(စ်)နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းပြည်သူ့ကျန်းမာရေးအရေးပေါ်ကြေညာချက်ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်နိုင်ငံတို့သို့ ခရီးသွားလာခြင်းများ၊ ကုန်သွယ်ရေးလုပ်ဆောင်ခြင်းများအား တားမြစ်ပိတ်ဆို့ထားခြင်းကိုလည်း ပြန်လည်ရုပ်သိမ်းသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်က မီဒီယာသို့ပြောကြားသည်။

အဆိုပါနိုင်ငံများအနေဖြင့် အီဘိုလာဗိုင်းရပ်(စ်)ပျံ့နှံ့မှုထပ်မံမဖြစ်ပွားစေရန် နိုင်ငံတကာအကူအညီများကို ဆက်လက်လိုအပ်နေမည်ဖြစ်ကြောင်း မာဂရက်ချန်က ဆက်လက်ပြောကြားသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစပြီး ယင်းသုံးနိုင်ငံမှစတင်ကာ အီဘိုလာဗိုင်းရပ်(စ်) ကမ္ဘာတစ်ဝန်းသို့ပျံ့နှံ့ခဲ့သည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၁၃၀၀ ကျော် သေဆုံးခဲ့သည်။

အဆိုပါသုံးနိုင်ငံတွင် ဗိုင်းရပ်(စ်)ကူးစက်မှုဖြစ်ပွားခြင်းမရှိတော့သည်မှာ လေးလကျော်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**အင်န်အိတ်ချ်ကေ။**







# ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အလုပ်အကိုင်နေရာများ လျှော့ချမည်

**ဝါရှင်တန် မတ် ၃၀**

ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ယခုနှစ်လယ်ထက်နောက်မကျဘဲ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး လေယာဉ်ထုတ်လုပ်ရေးဌာနခွဲရှိ အလုပ်အကိုင်နေရာ ၄၀၀၀ ခန့် လျှော့ချမည်ဖြစ်ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ဘိုးရင်းကုမ္ပဏီသည် ပျံသန်းရေးနှင့်သုတေသန စမ်းသပ်မှုများအတွက် တာဝန်ယူဆောင်ရွက်နေသော ဌာနခွဲတစ်ခုရှိ အလုပ်အကိုင်နေရာ ၅၅၀ ခန့်ကိုလည်း လျှော့ချမည်ဖြစ်သည်။

မြို့ပြလေကြောင်းစက်မှုလုပ်ငန်းဈေးကွက်၌ ကမ္ဘာတစ်ဝန်းယှဉ်ပြိုင်မှုမြင့်မားလာခြင်းကြောင့် ကုမ္ပဏီလုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းကို လျှော့ချမည်ဖြစ်ကြောင်း ဆီယက်တဲလ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

**ရိုက်တာ။**

# တောင်တရုတ်ပင်လယ်အရေးအငြင်းပွားမှု မြင့်တက်စဉ်တွင် ရေငုပ်သင်္ဘောတပ်ဖွဲ့ ဖိလစ်ပိုင်ထူထောင်ဖွယ်ရှိ

**မနီလာ မတ် ၃၀**

ဖိလစ်ပိုင်နိုင်ငံသည် ဒေသတွင်း၌ တရုတ်နိုင်ငံ၏စစ်ရေးအရ လွှမ်းမိုးလာမှုကို တုံ့ပြန်နိုင်ရေးအတွက် ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်သုံးစွဲမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ပထမဆုံးသော ရေငုပ်သင်္ဘောတပ်ဖွဲ့ကို ထူထောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက ကြေညာထားသည်။ ယင်းပင်လယ်သည် ကမ္ဘာပေါ်တွင် အရေးပါဆုံးသော ကုန်သွယ်ရေကြောင်းလမ်းလည်းဖြစ်သည်။ ပင်လယ်ရေကြောင်းနယ်နိမိတ်နှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပွားနေသည့် နိုင်ငံများထဲတွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ တိုင်ပေ၊ တရုတ်နှင့် ဘရူနိုင်းတို့ပါဝင်ကြသည်။

တရုတ်နိုင်ငံက ရေကြောင်းပိုင်နက်တောင်းဆိုမှုများနှင့်အညီ အာဏာသက်ဝင်စေပါက ဖိလစ်ပိုင်နိုင်ငံသည် အနောက်ဘက်ကမ်းခြေဒေသ ပိုင်ဆိုင်မှုဆုံးရှုံးသွားနိုင်မည်ဟု သမ္မတအကွီနိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံကာကွယ်ရေးအတွက် ခေတ်မီလက်နက်ကိုင်တပ်ဖွဲ့တည်ဆောက်ရေးအတွက် မိမိတို့အရှိန်မြှင့်အားထုတ်လုပ်ဆောင်နေသည်ဟု သမ္မတအကွီနိုက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်သော သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ခရီးထောက်နိုင်ငံအဖြစ်တည်ရှိနေခြင်းကြောင့် ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ရန် လိုအပ်၊ မလိုအပ်ကို လေ့လာဆန်းစစ်လျက်ရှိကြောင်း သမ္မတအကွီနိုက မနီလာမြို့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း မြေဧက ၂၉၀၀ အကျယ်အဝန်းရှိကုန်းမြေဒေသဖြစ်ပေါ်အောင် ကျွန်းတုတည်ဆောက်ထားကြောင်း၊ လွန်ခဲ့သည့်နှစ်နှစ်အတွင်းကပင် တောင်တရုတ်ပင်လယ်တွင်း၌ ကျွန်းတုများတည်ဆောက်ပြီး မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက်စနစ်များဖြန့်ကြက်ထားကြောင်း အမေရိကန်နှင့် တရုတ်(တိုင်ပေ)တို့က ပြောကြားကြသည်။

**ရိုက်တာ။**

# ဗျူလက်နက်များ ပါကစ္စတန်ဖြန့်ကြက်ထားမှု သမ္မတအိုဘားမားအစိုးရအဖွဲ့ စိုးရိမ်ပူပန်ဟုဆို

**ဝါရှင်တန် မတ် ၃၀**

ပါကစ္စတန်နိုင်ငံသည် စစ်ပွဲသုံးနျူကလီးယားလက်နက်များကို ဆက်လက်ဖြန့်ကြက်ထားခြင်းသည် နျူကလီးယားဘေးအန္တရာယ်ကို ကြီးမားစေကြောင်း အမေရိကန်အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက မတ်၃၀ရက်တွင် ပြောကြားသည်။

စစ်ပွဲသုံးနျူကလီးယားလက်နက်များကို ပါကစ္စတန်နိုင်ငံက ဆက်လက်ဖြန့်ကြက်ထားခြင်းအတွက် သမ္မတဘာရက်အိုဘားမား၏ အစိုးရအဖွဲ့က စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန လက်နက်ထိန်းချုပ်ရေးနှင့် နိုင်ငံတကာလုံခြုံရေးလက်ထောက်ဝန်ကြီး ရို့စ်ဂိုတမ်မိုလာက ပြောကြားသည်။

နျူကလီးယားလုံခြုံရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံက စစ်ပွဲသုံးနျူကလီးယားလက်နက်များ ဆက်လက်ထားရှိခြင်းမှာ လွန်စွာစိုးရိမ်ဖွယ်ရာကောင်းလှကြောင်း ဂိုတမ်မိုလာက မတ် ၂၉ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ စစ်ပွဲသုံးနျူကလီးယားလက်နက်ဆိုသည်မှာ စစ်ရေးအခြေအနေတစ်ရပ်အရ စစ်ပွဲ၌အသုံးပြုနိုင်ရန် ရည်ရွယ်လျက်ဖြန့်ကြက်ထားသော နျူကလီးယားလက်နက်ကို ဆိုလိုသည်။

**ရိုက်တာ။**

# ဆင်စွယ်တိုးထုတ်ဆင်စွယ်များအား ကင်ညာရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

**နိုင်ရိုဘီ မတ် ၃၀**

အမေရိကန်ဒေါ်လာ ၆၄၀၀၀ တန်ဖိုးရှိ ဆင်စွယ်များအား နိုင်ရိုဘီရှိ ဂျိုမိုကန်ညာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကင်ညာလုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၃၀ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကျောက်စိမ်းတုံးများအဖြစ် အသွင်ယူထားသော အဆိုပါဆင်စွယ်များအား မိုဇမ်ဘစ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ သယ်ဆောင်လာစဉ် လေဆိပ်စစ်ဆေးရေးဂိတ်တွင် စက်ဖြင့်စစ်ဆေးရာမှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က စစ်ဆေးရေးဂိတ်မှာ စစ်ဆေးလိုက်တော့ ဆင်စွယ် ၁၈ ခုကို တွေ့ရှိခဲ့ပြီး ဖမ်းဆီးနိုင်ခဲ့ပါတယ်" ဟု လေဆိပ်မှူခင်းတပ်ဖွဲ့မှူး ဂျိုးဇက်အန်ဂျီဆာက ဆင်ဟွာသို့ပြောကြားသည်။ ဆင်စွယ်များကို မာပူတိုမြို့မှ ဗန်ကောက်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် တရားခံကို စုံစမ်းနေဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။ တရားခံများကို ဖမ်းမိသည့်အခါ အပြစ်ပေးနိုင်ရန် မာပူတိုက တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခုဖြစ်ရပ်သည် တောရိုင်းတိရစ္ဆာန်များရောင်းဝယ်ဖောက်ကားမှု တားဆီးရေးကြေညာချက်တစ်ရပ်အား လက်မှတ်ရေးထိုးကြောင်း ကင်ညာလေကြောင်းမှ ကြေညာပြီးနောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**



# ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"**ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (၄) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန သမ္မတရုံးဝန်ကြီးဌာန လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာန |
| (၅) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (၆) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (၇) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၈) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန |
| (၉) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန |
| (၁၀) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၁) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၁၂) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၁၃) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၁၄) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန |
| (၁၅) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန |
| (၁၇) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၁၈) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၁၉) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| (၂၀) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန |
| (၂၁) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| (၂၂) | ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး | **(အမည်စာရင်း ထပ်မံကြေညာပါမည်)** |
| (၂၃) | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အတွင်းရေးမှူး |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၂/၂၀၁၆**
**၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (င) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (စ) | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် |
| (ဆ) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| (ဇ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဈ) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၃/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး"** ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးညွန့် | ဥက္ကဋ္ဌ |
| (၂) | ဦးညီညီ | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဝင်း | အဖွဲ့ဝင် |
| (၄) | ဦးမျိုးမြင့် | အဖွဲ့ဝင် |
| (၅) | ဦးခင်မောင်ချို | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ဌေးကြွယ် | အဖွဲ့ဝင် |
| (၇) | ဦးတွာလ်ကျင်ပေါင် | အဖွဲ့ဝင် |
| (၈) | ဒေါ်လှမျိုးနွယ် | အဖွဲ့ဝင် |
| (၉) | ဦးကျော်ဆန်း | အဖွဲ့ဝင် |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၄/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(င) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလှသိန်း | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အဖွဲ့ဝင် |
| (၃) | ဦးစိုးရယ် | အဖွဲ့ဝင် |
| (၄) | ဦးထွန်းခင် | အဖွဲ့ဝင် |
| (၅) | ဦးလှတင့် | အဖွဲ့ဝင် |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သင်္ကြန်ကာလ မြစ်ဝကျွန်းပေါ်ရေကြောင်းခရီးစဉ်အချို့ လျှော့ချမည်

**ရန်ကုန် မတ် ၃၀**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သင်္ကြန်ကာလတွင် ရေကြောင်းခရီးစဉ်များ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွက် ဧပြီ ၁၂ ရက်မှ ၁၇ ရက် အတွင်း ဌာနခရီးစဉ်ပြေးဆွဲမှုအနေဖြင့် ရန်ကုန်-ကျုံမငေး၊ ရန်ကုန်-လပွတ္တာ (အပြင်/ဌား)၊ ရန်ကုန်-မော်ကျွန်း(ဌား)နှင့် ရန်ကုန်-လပွတ္တာ(အတွင်း/ဌား) တို့ဖြစ်သည်။

ရန်ကုန်-ကျုံမငေး ခရီးစဉ်ကို ဧပြီ ၉ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ရေယာဉ်ခရီးဆုံးတွင် ညအိပ်ရပ်နားပြီး ဧပြီ ၁၈ ရက်တွင် ကျုံမငေးမှ ပြန်လည် ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-လပွတ္တာ(အပြင်/ဌား) ခရီးစဉ်ကို ဧပြီ ၈ရက် တွင် ရန်ကုန်မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ရေယာဉ်ခရီးဆုံးတွင် ညအိပ်ရပ်နားကာ ဧပြီ ၁၈ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ယင်းအပြင် ရန်ကုန်-လပွတ္တာခရီးစဉ်ကို ဧပြီ ၁၁ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ဧပြီ ၁၉ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-မော်ကျွန်း(ဌား) ခရီးစဉ်ကို ဧပြီ ၁၂ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ဧပြီ ၁၇ ရက်တွင် ပြန်လည်ထွက်ခွာမည် ဖြစ်သည်။ ရန်ကုန်-လပွတ္တာ (အတွင်း/ဌား)ခရီးစဉ်ကို ဧပြီ ၉ရက်တွင် ရန်ကုန်မှထွက်ခွာပြီး ဧပြီ ၁၈ ရက် တွင် ကြာကန်မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ထို့အပြင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ခေါက်တိုပြေးဆွဲမှုအနေဖြင့် ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ရန်ကုန်-ပန်းဆိုးတန်း-ဒလခရီးစဉ်တွင် မူလတစ်ရက် လျှင် ၄၆ ခေါက်ထိ ပြေးဆွဲရာမှ ယခု ၂၆ ခေါက်သို့ လျှော့ချပြေးဆွဲမည် ဖြစ်ကြောင်း၊ ရန်ကုန်-ခနောင်တို ခရီးစဉ်တွင် ဗလအမျိုးအစား ရေယာဉ်ကို ရပ်နား၍ တီ/အက်စ် အမျိုးအစားရေယာဉ်များဖြင့် မူလတစ်ရက် ရှစ်ခေါက်မှ ယခု လေးခေါက်သို့ လျှော့ချပြေးဆွဲမည်ဖြစ်ကြောင်းနှင့် (ရန်ကုန်)ဝါးတန်း-ဒလ ခရီးစဉ်တွင် ရိုရို (၂/၃/၄) ရေယာဉ်အမျိုးအစားဖြင့် သင်္ကြန်အကြိုနေ့နှင့် နှစ်ဆန်းတစ်ရက်နေ့များတွင်သာ ပြေးဆွဲမည်ဖြစ်ပြီး မူလ ကိုးခေါက်မှ ယခု လေးခေါက်သို့ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပို့ဆောင်ရေး)**

# ဦးဆောင်သူစေရာ ယုံကြည်စွာလိုက်ခဲ့မယ်တဲ့

**ဆယ်လ်မွန်ငါးတို့အပြန်**

ပါရမီရှင် ခင်ဝမ်း၏ "ဆယ်လ်မွန်ငါးတို့အပြန်" သီချင်းကို ယခုတလော ကျွန်တော် ညည်းဖြစ်သည်။ ခင်ဗျားတို့ကြားမိသလား။ မကြားသေးလျှင် ကြားဖြစ်အောင် ကျွန်တော်ထပ်ညည်းပြဦးမည်။ ဒီသီချင်းကို ခင်ဝမ်းအပြင် ခင်မောင်တိုးနှင့် မေဆွိတို့လည်း ဆိုသည်။ ခင်ဝမ်းသီဆိုတာအကောင်းဆုံးဟု ကျွန်တော်မပြောရဲသော်လည်း အကြိုက်ဆုံးဖြစ်ကြောင်းကိုတော့ဖြင့် ကျွန်တော် ပြောရဲသည်။ ဒီလိုအားမာန်ပါသော သီချင်းက ခင်ဝမ်း၏ ပျော့ပြောင်းသော်လည်း တောင့်တင်းသောလေနှင့် ပိုလိုက်ဖက်သည်ထင်သည်။

**ဘဝစေရာတာဝန် ကျေပွန်ဆောင်ရွက်ခဲ့သူတို့**

မိုးဦးသာယာ ရေလွှာပြန့်ပြူးချိန်သူတို့တစ်တွေ အိမ်ပြန်ကြပြီး ဘဝက ပစ်ချလိုက်တဲ့နေရာ. . . မိုးထဲလေထဲရေထဲ ထောင်ထဲတန်းထဲ တောထဲ တောင်ထဲ အလင်းရောင်ထဲ အမှောင်ထဲ နေရာမရွေးဘဲ သူတို့လုပ်သင့်တာတွေ ပြီးစီးအောင်မြင်အောင် လုပ်ခဲ့။ အခု သူတို့မွေးဖွားရာအရပ်ဆီ ပြန်တော့မည်။ ဒီအပြန်လမ်းက သူတို့လာစဉ်ကထက် ပို၍ ပြင်းထန်၊ ပို၍ခက်ခဲ၊ ပို၍ ဆင်းရဲမည့်လမ်း အဆန်လမ်း။

"ရေလွှာလည်း ခင်းပြန့်ကြည်လင်စေ
မိုးဦးလည်း လှပသာယာစေ
ဘဝစေရာတာဝန်ကျေပွန်ဆောင်ရွက်ခဲ့သူတို့
ရေစုန်ကို ဆန်ကာ ပြန်ခဲ့ပြီ။

မိုးဦးရေဆန် မိုးဦးရေဆန်
ဆယ်လ်မွန်ငါးတို့အပြန် ဆယ်လ်မွန်ငါးတို့အပြန်
အပြန်. . . အပြန်. . . အပြန်. . . ဆယ်လ်မွန်ငါးတို့အပြန်။"

**ရာသီလည်းတွက်ချက်မှန်ကန်စေ**

သူတို့ဘာကြောင့် ရေဆန်ခရီးနှင်ခဲ့ကြတာပါလိမ့်။ အပြောကျယ်တဲ့ ပင်လယ်ထဲကျက်စားပြီး ရခဲ့တဲ့ဒဏ်ရာဒဏ်ချက်တွေ ကုစားဖို့ရာ သူတို့ ဇာတိမြေ တစ်ထောက်ပြန် နားခိုတာလေလား။ မဟုတ်ပါချေတဲ့။ သားပေါက်ဖို့ရာပြန်လာခြင်းပါတဲ့။ အနာဂတ်မျိုးဆက်တွေ ဆက်လက်တည်တံ့ရှင်သန်စေဖို့ရာပါတဲ့။ ပြန်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ခိုင်မာလှသတဲ့။ အခြေအနေအချိန်အခါ သင့် မသင့်လည်း ချင့်တွက်ပြီးမှတဲ့။

"ပြန်ချိန်လည်း ဆုံးဖြတ်ခိုင်မာစေ
ရာသီလည်း တွက်ချက်မှန်ကန်စေ
စိတ်တူရာခိုဝင်
ပြည့်စုံချိန် ပြန်ခဲ့မယ်တဲ့
ငယ်ရွယ်စဉ် ရှာဖွေစွန့်ခဲ့ပြီ. . .

မိုးဦးရေဆန် မိုးဦးရေဆန်
ဆယ်လ်မွန်ငါးတို့အပြန် ဆယ်လ်မွန်ငါးတို့အပြန်
အပြန်. . . အပြန်. . . အပြန်. . . ဆယ်လ်မွန်ငါးတို့အပြန်။"

**ဦးဆောင်သူစေရာ**

ကဲ. . . ပြန်မယ် ပြန်မယ် ပြန်ကြမယ်ဟေ့၊ ချစ်ဖော်က ဘေးကရပ်ဟေ့၊ ဝဋ်ကြွေးတွေရှိရင်လည်း အချင်းချင်း အတုံ့အလှည့်မထား ကျေနပ်ကြဟေ့၊ အရေးအကြီးဆုံးက ဦးဆောင်သူစေရာ ယုံကြည်စွာလိုက်ခဲ့ဖို့ပဲ။ ဟုတ်ကဲ့. . . ကျွန်တော်တို့ မောင်မယ်တစ်တွေ အားလုံးစုံစုံညီညီ ရေကိုဆန်ကာ ပြန်ခဲ့ပြီ။

"ချစ်ဖော်လည်း လိုက်ခဲ့ ခေါ်ငင်စေ
ဝဋ်ကြွေးလည်း တုံ့လှည့်ကျေနပ်စေ
ဦးဆောင်သူစေရာ ယုံကြည်စွာလိုက်ခဲ့မယ်တဲ့
မောင်မယ်စုံ ဆန်ကာ ပြန်ခဲ့ပြီ

မိုးဦးရေဆန် မိုးဦးရေဆန်
ဆယ်လ်မွန်ငါးတို့အပြန် ဆယ်လ်မွန်ငါးတို့အပြန်
အပြန်. . . အပြန်. . . အပြန်. . . ဆယ်လ်မွန်ငါးတို့အပြန်။"

ဒေါက်တာအောင်ကြီး

# ဒုတိယလွတ်လပ်ရေး

ပြောပါတယ်နော်
ငါ့ဆရာ့သား
မျိုးကောင်း
ငါ့နှမ ရွေးတာ
ဆွေကောင်း
ဒီတော့
အကုန်ကောင်း
၁၀ ၃ ၂၀၁၆
သမ္မတကြီးဦးထင်ကျော်ကို
ယခုလိုကြိုဆိုပါတယ်။

ကျွန်တော်တစ်ယောက်တည်းမဟုတ်ပါဘူး။
လက်သန်းဆေးလူးတဲ့ လူများစွာ. . .
အရပ်သားသမ္မတနဲ့မနေခဲ့ရတာ
၅၄ နှစ်ကျော်ခဲ့ပါပြီ။

လူတစ်ယောက် အာဏာရှင်စနစ်
တစ်ပါတီ အာဏာရှင်စနစ်
စစ်အာဏာရှင်စနစ်တို့ အောက်မှာ
မွဲမွဲခြောက်ခြောက် ကြောက်ကြောက်လန့်လန့်
နေခဲ့ကြရပါတယ်။

သေလိုက်တဲ့အသက်တွေ
ထွက်လိုက်တဲ့သွေးတွေ
ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခတွေ
ဒါတွေထဲက မနည်းရုန်းထွက်ခဲ့ကြရပါတယ်။
ပေးရတဲ့တန်ဖိုးက ကြီးပဲ့ါနော်။
ပေးရမှာပဲ ပေးရမှာပဲ။

ဒုတိယလွတ်လပ်ရေးမဟုတ်ပါလား. . .
ပေးကြရမှာပဲ. . .
ဒုတိယလွတ်လပ်ရေးတိုက်ပွဲတဲ့လား
ဒီအသံဟာ ကျုပ်နှမရဲ့ တပ်လှန့်သံ. . .
သိကြပြီးသားပါ. . .
အခု
"လွတ်လပ်ပြီတဲ့လား"
လိုပါသေးတယ်. . .
ဒါပေမယ့် သိပ်တော့မလိုတော့ပါဘူး. . .
ဒီလို ညီညီညွတ်ညွတ်နဲ့ ကြိုးစားလိုက်ရရင်
တစ်ချီရုန်းရှိပါတော့တယ်။

သမ္မတကြီးကို ကြိုဆိုတဲ့အင်အားနဲ့
ဒုတိယလွတ်လပ်ရေး အောင်ပန်းဆီ
မမောတမ်း မပန်းတမ်း
ချီတက်လိုက်ကြဦးစို့. . .

လူထုကြီး
ခါးတောင်းကျိုက်မဖြုတ်နဲ့ဦး။ ။

ကိုလေး(အင်းဝဂုဏ်ရည်)
၃၀ ၃ ၂၀၁၆

# မြန်မာ့နွေဦး ရွက်သစ်တို့ဖြင့် ပွင့်လန်းဝေဆာ

ဂိမှာန္တဟုခေါ်ဆိုသော အခါနွေဦး လတပေါင်းသည်ကား ထူးခြားမွန်မြတ်သည့်လတစ်လဟု ခေါ်ဆိုရမည်ဖြစ်သည်။ နွေဥတု၏ အစဆုံးလ နွေဦးကာလဖြစ်သည်။ အပူရှိန်မာန်ပြင်းသော ကာလ၌ သစ်ပင်ပန်းမန်တို့ ခြောက်သွေ့ ရော်ရီကာ အကိုင်းအရွက်ခြောက်များနှင့် အပြိုင်းပြိုင်းထနေသကဲ့သို့ အင်း၊ အိုင်၊ ကန်၊ ချောင်းတို့တွင်လည်း အပူငွေ့ပြန်၍ ရေကုန်ခန်းခြောက်လုမတတ်ရှိနေချေသည်။

ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ကြီးငယ်တို့မှ ခြောက်သွေ့နေသော ရော်ရွက်တို့ကလည်း ပင်တိုင်းကြွေ၏။ ရော်ရွက်တို့ ကြွေလွင့်ကြသည်ဆိုသည်မှာလည်း ရွက်နုဝေပြီး ရွက်သစ်များ မကြာမီဝေတော့မည်ဖြစ်သောကြောင့်တည်း။ ရွက်ရော်ရွက်ရင့် ရွက်ညောင်းတို့မှာ လေဆင်၍ တိုက်လျှင်ပင် ပင်ထက်မှပြုတ်ကြွေကျပြီး ပြိုင်းပြိုင်းထီးထီး အပင်ချည်းသာ ကျန်ရှိတော့သည်။ ထိုအချိန်၌ ကောင်းကင်တစ်ခွင်လုံး လွှမ်းဖုံးမည်းညို့နေစဉ် လေပြည်လေသာတို့ကလည်း တမျှင်မျှင်ကျလာ၏။ ထိုစဉ်ကာလ အာကာသကောင်းကင်တစ်ခွင်၌ မိုးနတ်မင်းတို့ကလည်း တအေးအေးနှင့် နတ်စောင်းနတ်ညှင်းတီးသကဲ့သို့ ရွာမည့်ဟန်ပြင်ကြသည်။

"ဘဝဂ်ကပင် ယိုကျမတတ်မိုးသည် အထူးထူး အထွေထွေခြယ်လှယ်ဆင်၍ မယ့်ဆီသို့ရည်လျက် ဝမ်းပါညွှတ်ခွေရှိလေစေဟု သက်ဝေမှာလိုက်သကဲ့သို့ ကောင်းကင်တွင် တိမ်ဆင်မှိုင်းညို့၍ ဝန်းရစ်ဆို့သည် မြင့်မိုရ်ထွေလည်ဆင်တော့သည်"ဟု စာဆိုတော် ဦးတိုး၏ ဆွတ်ပျံ့ဖွယ်အောင် ရတုအဖြေနှင့် ဦးရွှန်း၏ တောင်ငူဆို အဖြေတွင် တပေါင်းလ၏ ရာသီစက်ဝန်း ရတုအနက် အဖြေကို ထုတ်နုတ်မှတ်သားခံစားမိသည်။

ပူပြင်းသော တပေါင်းလ၏ ရှေ့အဖွဲ့အနွဲ့ဟန်မှာ ရာသီဥတုဖောက်ပြန်နေသော ဤလောက၏ ဥတုဟန်ကို ပုံမှန်သဘာဝမှ ဖီလာကန့်လန့်ရှိလိမ့်မည်ဟု ထင်မြင်ယူထားသော်လည်း ယနေ့ကာလသည်ကား တစ်မူထူး၍ နေချေသည်။ ရှေးတပေါင်းကာလတို့၏ ပညာရှိများအဖွဲ့ အနွဲ့အတိုင်း ဂိမှာန်ဥတုသည် ၁၃၇၇ ခုနှစ် တပေါင်းလဆုတ် ၇ ရက် (မတ်လ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့) ရက်ရာဇာ နံနက်ပိုင်း၌ နေပြည်တော်တစ်ခွင်တွင် သာယာမှုအပေါင်းနှင့် လွှမ်းခြုံ၍ နေချေသည်။

ဂိမှာန်နွေတပေါင်းလ၏ အစောပိုင်းရက်များက နေပြည်တော်တစ်ခွင် သာမက မြန်ပြည်တစ်ခွင်တွင် အပူရှိန်မာန်ပြင်းသည့် နေမင်း၏ ဒဏ်ကို မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခံစားကြရသည်။ တပေါင်းလဆုတ် ၇ ရက်နေ့သည်ကား ရှေးတပေါင်း ရာသီဥတုကဲ့သို့ပင်ဖြစ်ချေသည်။ ရွက်ဟောင်းတို့ကြွေကာ ရွက်သစ်တို့ဝေချေပြီ။ ရွက်အို၊ ရွက်ခြောက်တို့ ကြွေလွင့်၍ ရွက်သစ်တို့ ပွင့်လန်းဝေဆာလာသည်။ မိုးသက်ဆင်းလေပြည်ညင်းလေးများကလည်း ယနေ့နံနက် ဝေလီဝေလင်းအချိန်မှစတင်၍ မွန်းလွဲပိုင်းထိတိုင် လွှမ်းခြုံရစ်သိုင်းနေသဖြင့် ဥတုသပ္ပါယမျှတလှသည်။

ဤသို့ထူးကဲသည့် မြန်မာ့နွေဦး၏ ရာသီအပြောင်းအလဲအောက်တွင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲက တစ်မူထူးကဲနေသည်။ အရပ်သားအစိုးရဟုဖြစ်တည်လာမည့် အစိုးရအဖွဲ့သစ်သည် ယနေ့မှစတင်၍ အစိုးရအဖွဲ့ဟောင်းမှ လက်ဆင့်ကမ်းပြောင်းလဲရယူကာ နိုင်ငံ့တာဝန် စတင်ရယူတော့မည် ဖြစ်သည်။ ရွက်ဟောင်းများ ကြွေလွင့်ပြီး ရွက်သစ်ဖူးပွင့်လာသကဲ့သို့ ဖြစ်သည်။

မင်္ဂလာအပေါင်းနှင့် ခညောင်းသော နေ့တစ်နေ့။ ဂိမှာန်နွေဦးမှာ ရှေးမြန်မာ့စာဆိုများဖွဲ့ဆိုခဲ့သော တပေါင်းလကဲ့သို့အတိုင်း ပြန်လည်ဆင်းသက်သောနေ့။ ပြည်သူပြည်သားအပေါင်းတို့ ပူပြင်းသောအချိန်ကာလတွင် နွေဦး၏နေ့အပူကို အန်တုရင်ဆိုင်မှုသက်သာခဲ့သည်။ သာယာချမ်းမြေ့သည့် တပေါင်းနွေကာလတွင် စိတ်နှလုံးချမ်းမြေ့စွာဖြင့် အစိုးရအဟောင်းကို မေတ္တာတရားများဖြင့် နှုတ်ဆက်ကာ အစိုးရသစ်ကို ပျော်ရွှင်ခြင်းများဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပြီဖြစ်သည်။

မင်္ဂလာရှိသော မင်္ဂလာအပေါင်းနှင့် ခညောင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို စိတ်သစ်၊ လူသစ်များဖြင့် ဆက်လက်တည်ဆောက်ကြတော့မည်ဖြစ်ပါသည်။ ။

**ဤသို့ထူးကဲသည့် မြန်မာ့နွေဦး၏**
**ရာသီအပြောင်းအလဲအောက်တွင်**
**မြန်မာ့နိုင်ငံရေးအပြောင်းအလဲက**
**တစ်မူထူးကဲနေသည်။**
**အရပ်သားအစိုးရဟုဖြစ်တည်လာမည့်**
**အစိုးရအဖွဲ့သစ်သည် ယနေ့မှစတင်၍**
**အစိုးရအဖွဲ့ဟောင်းမှ**
**လက်ဆင့်ကမ်းပြောင်းလဲရယူကာ**
**နိုင်ငံ့တာဝန် စတင်ရယူတော့မည်ဖြစ်သည်။**

အညတြ

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမျိုးညွန့်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန<br>သမ္မတရုံးဝန်ကြီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်<br>ပညာရေးဝန်ကြီးဌာန |
| (၂)ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၄)ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၅)ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၆)သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၇)ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (၈)ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၉)ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၁၀)ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေး<br>နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၁၁)ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန |
| (၁၂)ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်<br>ရေးဝန်ကြီးဌာန |
| (၁၃)ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၁၄)ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၁၅)ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၁၆)ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၁၇)ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေး<br>ဝန်ကြီးဌာန |
| (၁၈)နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားရေးရာဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂/ ၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးလှသိန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၇) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညီညီ
(၂) ဦးမြင့်ဝင်း
(၃) ဦးမျိုးမြင့်
(၄) ဦးခင်မောင်ချို
(၅) ဒေါ်ခင်ဌေးကြွယ်
(၆) ဦးတွာလ်ကျင်ပေါင်
(၇) ဒေါ်လှမျိုးနွယ်
(၈) ဦးကျော်ဆန်း

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဒေါက်တာခက်အောင် | ကချင်ပြည်နယ် |
| (၂) ဦးအယ်လ်ဖောင်းရှို | ကယားပြည်နယ် |
| (၃) ဒေါ်နန်းခင်ထွေးမြင့် | ကရင်ပြည်နယ် |
| (၄) ဦးဆလိုင်းလျန်လွယ် | ချင်းပြည်နယ် |
| (၅) ဒေါက်တာမြင့်နိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) ဒေါက်တာလဲ့လဲ့မော် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) ဦးဝင်းသိန်း | ပဲခူးတိုင်းဒေသကြီး |
| (၈) ဒေါက်တာအောင်မိုးညို | မကွေးတိုင်းဒေသကြီး |
| (၉) ဒေါက်တာဇော်မြင့်မောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) ဦးမင်းမင်းဦး | မွန်ပြည်နယ် |
| (၁၁) ဦးညီပု | ရခိုင်ပြည်နယ် |
| (၁၂) ဦးဖြိုးမင်းသိန်း | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) ဒေါက်တာလင်းထွဋ် | ရှမ်းပြည်နယ် |
| (၁၄) ဦးမန်းဂျော်နီ | ဧရာဝတီတိုင်းဒေသကြီး |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၆/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအောင်မြင့်
(၂) ဦးစိုးရယ်
(၃) ဦးထွန်းခင်
(၄) ဦးလှတင့်

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၃၁**

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်တွင် ပရပ်မြို့၌ ချက်သမ္မတနိုင်ငံသမ္မတ မစ္စတာ မီလော့စ် ဇီမန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်၊ ၇/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၂)တို့ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | **ကချင်ပြည်နယ်** | |
| | (က) ဦးခင်မောင်မြင့်(ခ)ဦးဒိတ် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးစိုင်းစိန်လင်း | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဂ) ဦးအားတီယောဟန် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဃ) ဦးရန်နမ်းဖုန် | ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၂) | **ကယားပြည်နယ်** | |
| | (က) ဦးလှမျိုးဆွေ | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၃) | **ကရင်ပြည်နယ်** | |
| | (က) ဦးတေဇထွဋ်လှိုင်ထွေး | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးမင်းတင်ဝင်း | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဂ) ဦးခွန်မျိုးတင့် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၄) | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| | (က) ဒေါ်မွေးမွေးခင် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးလာလ်ထောင်ထန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၅) | **တနင်္သာရီတိုင်းဒေသကြီး** | |
| | (က) ဦးစောလုကာ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၆) | **ပဲခူးတိုင်းဒေသကြီး** | |
| | (က) ဒေါ်နော်ပွယ်ဆေး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၇) | **မကွေးတိုင်းဒေသကြီး** | |
| | (က) ဦးလှထွန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၈) | **မန္တလေးတိုင်းဒေသကြီး** | |
| | (က) ဦးစိုင်းကျော်ဇော | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၉) | **မွန်ပြည်နယ်** | |
| | (က) ဦးရွှေမြင့် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဒေါ်စံဝင့်ခိုင် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဂ) ဦးအောင်မြင့်ခိုင် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၁၀) | **ရခိုင်ပြည်နယ်** | |
| | (က) ဦးပုန်ဘွေ | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၁၁) | **ရန်ကုန်တိုင်းဒေသကြီး** | |
| | (က) ဒေါ်ပန်းသဥ္ဇာမျိုး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးဇော်အေးမောင် | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၁၂) | **ရှမ်းပြည်နယ်** | |
| | (က) ဒေါက်တာအောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဂ) ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဃ) ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (င) ဦးအာဗေလှ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (စ) ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ဆ) ဦးခွန်အေးမောင် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (၁၃) | **ဧရာဝတီတိုင်းဒေသကြီး** | |
| | (က) ဂျဲမိုးမြတ်မြတ်သူ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| | (ခ) ဦးတင်စော | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၃၀ ရက် (ဆဋ္ဌမနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်း သွင်း ၁၃၉၆၈ ပါးအနက် ၉၆၂၆ ပါး ဖြေဆိုကြသဖြင့် ၆၈ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက် အဝီစိစက်ရေတွင်းမှ ရေပေးဝေမည်

**တောင်ကြီး မတ် ၃၀**

အယ်နီညိုရာသီဥတု၏ ဖြစ်စဉ်ကြောင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ရေရှားပါးမှုပြဿနာများဖြင့် ရင်ဆိုင်နေကြရာ ရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် ပြည်သူ ၉၀၀၀ခန့် သုံးစွဲနိုင်ရန်အတွက် နဂါးပွက်ပရိယတ္တိစာသင်တိုက်အတွင်း တူးဖော်လှူဒါန်းထားသော အဝီစိစက်ရေတွင်းနှင့် ဂါလန် ၁၅၀၀၀ ဆံ့ရေလှောင်ကန်မှတစ်ဆင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အိမ်ရာများသို့ နှစ်လက်မပိုက် ပေ ၇၆၀၀သုံးစွဲ၍ ရေတိုင် ၂၁တိုင် ဆက်သွယ်ရေးတူးဖော်နေမှုအခြေအနေများကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဒေါ်ခင်ဝင်းရီနှင့် ဦးကျော်ကျော်စိုးတို့ပါဝင်သော တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ဆောင်ရွက်ပေးခဲ့ကြသည်။ **(အောက်ပုံ)**


ဆက်လက်၍ အဆိုပါ ဖောင်ဒေးရှင်းမှ ပုဂ္ဂိုလ်များသည် မွန်းလွဲပိုင်းတွင် အောင်ပန်းမြို့ မင်္ဂလာကန်အနီးတွင် မတ်လအတွင်းက တူးဖော်လှူဒါန်းထားသော စက်ရေတွင်းသို့ သွားရောက်၍ လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါစက်ရေတွင်းသည် တစ်နာရီရေဂါလန် ၂၀၀၀ ထွက်ရှိပြီး ရေဂါလန် ၁၂၀၀၀ဆံ့ ရေလှောင်ကန်မှ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ရေလှောင်ကန်တွင် ရေခက်ပိုက် ရှစ်ခုကိုလည်းကောင်း၊ ရေချိုးကန် တစ်ကန် ပြုလုပ်၍လည်းကောင်း ဒေသအား ၂၄ နာရီပတ်လုံး သန့်ရှင်းသော သောက်ရေနှင့် သုံးရေများ ဖြန့်ဝေလှူ ဒါန်းလျက်ရှိကြောင်း သိရသည်။ **(အောင်ထွန်း)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့ ဆက်သွယ်ထားသည့် ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) တံတားသစ်ဖွင့်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်မြို့ပြ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့စေရေးနှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူလျင်မြန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ခဲ့သော ဒဂုံမြို့သစ်(မြောက်ပိုင်း)ဗိုလ်မှူးဗထူးလမ်းနှင့် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းတို့ကို ဆက်သွယ်တည်ဆောက်ထားသော ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မော်ကွန်းကမ္ပည်းကျောက်စာရှေ့၌ ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးလှမြင့်နှင့် တာဝန်ရှိသူများက တံတားပေါ် ဖြတ်သန်းသောယာဉ်များအား အမှတ်တရ မျက်နှာသုတ်ပဝါများ ပေးအပ်ကြောင်း သိရသည်။



ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) တံတားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အပြီးတည်ဆောက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတား၏ ဒီဇိုင်းအား ထိုင်းနိုင်ငံ Asia Engineering Consultants ကုမ္ပဏီမှရေးဆွဲခြင်းဖြစ်သည်။ တံတားအရှည်မှာ ၁၅၀ ဒသမ ၅မီတာ ရှိပြီး အကျယ် ၁၀ ဒသမ ၃၅မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ မီတာရှိကာ လူသွားလမ်းအကျယ် နှစ်ဖက် ၃ ဒသမ ၃၅ မီတာရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အောက်ထည်သံကူ ကွန်ကရစ်ဖြစ်ကာ အပေါ်ထည်ကြိုတင်အားဖြည့်ကွန်ကရစ်ယက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) လက်ထောက်ဌာနမှူး ဦးကျင်အုန်းထံမှ သိရသည်။

အဆိုပါတံတားသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစိုးရသစ်ကာလအတွင်း တံတားသုံးစင်း တည်ဆောက်ခဲ့ရာ တတိယမြောက်တံတားဖြစ်ကြောင်းနှင့်တံတားသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် မြောက်ဥက္ကလာပဘက်မှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သို့ သွားသောယာဉ်များ ဖြတ်သန်းနိုင်သည်။ မူလတံတားဟောင်းပေါ်မှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ မြောက်ဥက္ကလာပမြို့နယ်သို့ ယာဉ်များဖြတ်သန်းနိုင်မည်။ ခန့်မှန်းကုန်ကျငွေကျပ်ငါးဘီလီယံကျော် အကုန်အကျခံတည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် ဆက်စပ်မြို့နယ်များတွင် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့သွားနိုင်မည့်အပြင် မြို့သစ်နေပြည်သူများ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာသွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်



ဦးဝင်းနိုင်



ဦးစိုင်းထွန်းအောင်



ဦးစိုင်းသီဟကျော်



ဦးအေးကျော်



ဦးမန်းညွန့်သိမ်း



ဦးညဏ်ဝင်း

အစိုးရသစ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်ဖြစ်သည့် 'ပြောင်းလဲချိန်တန်ပြီ' ဆိုသည့်ကြွေးကြော်သံနှင့်အညီ ဖေဖော်ဝါရီ ၁ ရက်က လွှတ်တော်အဟောင်းမှ လွှတ်တော်အသစ်သို့လည်းကောင်း၊ ယခု မတ် ၃၀ ရက်တွင် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာအပြောင်းအလဲအဖြစ်သို့လည်းကောင်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

အဆိုပါအပြောင်းအလဲနှစ်ရပ်တွင် လွှတ်တော်အပြောင်းအလဲဆိုသည်မှာ အချုပ်အခြာအာဏာထဲတွင်ပါရှိသည့် ဥပဒေပြုရေးနှင့်ပတ်သက်၍ ပြောင်းလဲခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာပြောင်းလဲခြင်းသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ရသည့် အပြောင်းအလဲဖြစ်သောကြောင့် ပြည်သူအများ စိတ်ဝင်စားသည်။ အစိုးရသစ်အပြောင်းအလဲမှာ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အောက်ခြေမှ ဗဟိုကနေတစ်ဆင့် အားသွန်ခွန်စိုက်လုပ်ဆောင်ရတော့မည်ဖြစ်သည်။

ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့မှုဆိုရာ၌ နိုင်ငံတော်အဆင့်မှ ရပ်/ကျေးအဆင့်အထိ တစ်ဆက်တစ်စပ်တည်းသွားနေရမည်ဖြစ်ပြီး ဗဟိုလုပ်ဆောင်မှုကို အောက်ခြေအထိရောက်ရန် အလွန်ကြန့်ကြာတတ်သည်များ ရှိသည်။ ၎င်းကို အုပ်ချုပ်ရေးပိုင်းအနေဖြင့် သတိထားဖို့လိုမည်ဖြစ်သည်။ ပြည်သူများမျှော်လင့်ထားသည့်အတိုင်း ဖြစ်လာရန် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့မှုကို မြန်မြန်နှင့် ပြင်းပြင်းလှုပ်ရှားဆောင်ရွက်နိုင်မှသာလျှင် ပြည်သူများက အသိမြန်ကာ အမြန်အသိအမှတ်ပြုမည်ဖြစ်သည်။

အစိုးရသစ်တစ်ရပ်ကို လွှဲပြောင်းပေးခဲ့ပြီဖြစ်ရာ ရက်ပေါင်း ၁၀၀ အတွင်း လုပ်ဆောင်မည့် လုပ်ငန်းဆောင်တာများကို အစိုးရသစ်အနေဖြင့် ထိထိမိမိ လုပ်ဆောင်လိမ့်မည်ဖြစ်သော်လည်း ပြည်သူလူထုအနေဖြင့် စိတ်ရှည်ရှည်ဖြင့် စောင့်ကြည့်နိုင်ဖို့လည်း လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အစိုးရသစ်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပြင် အကျင့်ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရသည်။

"လွှတ်တော်ကိုလာရောက်လေ့လာတဲ့သူတွေကိုတွေ့ရတဲ့အခါ သူတို့ရဲ့ မျှော်လင့်ချက်တွေနဲ့ သူတို့ရဲ့ ဝမ်းသာပီတိဖြစ်မှုတွေက ကျွန်မတို့ဆီကို အများကြီးကူးစက်ပါတယ်။ အရင်က ကိုယ်တွေချည်းပဲလွှတ်တော်တက်နေရတော့ ဒီလောက်မသိသာဘူး။ ကျွန်မတို့စိတ်ထဲမှာက ရှေ့မှာထမ်းဆောင်ရမယ့်တာဝန်တွေ၊ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကိုပဲ ပိုပြီးအာရုံစိုက်မိနေတယ်။ ပြည်သူလူထုရဲ့စိတ်အားထက်သန်မှု၊ မျှော်လင့်ချက်တွေကိုတွေ့ရတာ ပိုပြီးစိတ်လှုပ်ရှားစေပါတယ်"ဟု ရန်ကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်က ပြောသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်အကျဆုံးနိုင်ငံများထဲတွင် အပါအဝင်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေးအပြင် နိုင်ငံရေးအကျပ်အတည်းများလည်း များစွာရှိနေသည်။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုကဏ္ဍအပြင် တစ်ချိန်ကဖြစ်ပေါ်ခဲ့သည့် ပြဿနာပေါင်းများစွာကလည်း လွှတ်တော်ကော်မတီများဆီသို့ တိုင်စာတွေတက်နေသည်မှာ အတော်ပင်များနေပြီဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင် လယ်ယာမြေကိစ္စနှင့် အလုပ်အကိုင်အခွင့်အလမ်းကိစ္စများကိုလည်း အစိုးရသစ်အနေဖြင့် ဖြေရှင်းရဦးမည်ဖြစ်သည်။

ထို့ကြောင့် အစိုးရသစ်ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရန်ကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်က "အဲဒါတွေကို ဘယ်လောက်ဖြေရှင်းနိုင်မလဲဆိုတာက ကျွန်မတို့ အာရုံစိုက်နေရတယ်။ မဖြေရှင်းနိုင်သေးတဲ့အတွက်လည်း စိန်ခေါ်မှုတွေဖြစ်နေရတာပါ။ ဘယ်လောက်ပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာလည်း စိန်ခေါ်မှုတစ်ခုပါ။ ဒီစိန်ခေါ်မှုတွေကို ကျော်ဖြတ်နိုင်ရင်တော့ ကျွန်မတို့နိုင်ငံဟာ ပြည်သူလူထုက မျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုကို ထူထောင်နိုင်မှာပါ"ဟု ဆိုသည်။

မိုးကောင်းမြို့နယ် မဲဆန္ဒနယ်မှ ဦးဝင်းနိုင်ကမူ "ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ အာဏာလွှဲပြောင်းမှုဟာ မလွဲမသွေကြုံရမှာပါ။ မဲအများစုအနိုင်ရတဲ့အဖွဲ့အစည်းကနေ အစိုးရသစ်ဖွဲ့စည်းတာဆိုတော့ နောက်နောင်ကိုလည်း အဆင်ပြေပြေလွှဲပြောင်းပေးနိုင်မယ်လို့လည်း မြင်ပါတယ်။ မြန်မာ့နိုင်ငံရေးရဲ့ ဒီမိုကရေစီနေ့သစ် စတင်မယ့်နေ့လို့လည်း မျှော်လင့်တယ်။ အစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို စေတနာ၊ မေတ္တာနဲ့ အုပ်ချုပ်မယ်၊ ဖြေရှင်းမယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို အောင်မြင်ကျော်လွှားနိုင်မှာပါ"ဟု ပြောသည်။

အစိုးရသစ်လက်ထက်တွင် တွေ့ကြုံလာမည့် အခက်အခဲအမျိုးမျိုးရှိနိုင်



ဒေါ်ဇင်မာအောင်



ဒေါ်စန်းနွဲ့

သော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအပါအဝင် ကဏ္ဍပေါင်းစုံအား အမျိုးသားပြန်လည်သင့်မြတ်ရေးမူကိုအခြေခံကာ သဟဇာတရှုထောင့်မှတစ်ဆင့် ဆောင်ရွက်သွားရန်လည်း အရေးကြီးပေသည်။

ထို့ပြင် အစိုးရသစ်လက်ထက်တွင် လွှတ်တော်ကဏ္ဍအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ "လွှတ်တော်အနေနဲ့ကတော့ အရင်ရှိရင်းစွဲကော်မတီတွေကနေပြီးတော့ အစိုးရသစ်လက်ထက်မှာ ဆက်ပြီးလုပ်ဆောင်ရမယ့် ဥပဒေကြမ်းကိစ္စတွေကိုလည်း လုပ်ရမှာရှိသလို ပြန်ပြီးပြင်ရမယ့် ဥပဒေအချို့ကိုပြင်ပြီး ပယ်ဖျက်သင့်တာတွေကို ပယ်ဖျက်ဖို့ လုပ်ကြမှာပါ။ လွှတ်တော်အနေနဲ့ကတော့ ဥပဒေပြုမယ်၊ စောင့်ကြည့်မယ်၊ ထိန်းညှိမယ်။ ဒါ့အပြင် ပူးပေါင်းဆောင်ရွက်စရာရှိရင် ပူးပေါင်းဆောင်ရွက်ဖို့ပဲရှိပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ မိန့်ခွန်းတွင် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်ရေးတို့ကို ဦးစားပေးပြောကြားခဲ့သည်။

ထိုသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိန့်ခွန်းပြောကြားအပြီးတွင် "ဒီနေ့ဟာဆိုရင် အရပ်သားသမ္မတတစ်ယောက် တက်လာတာဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ ဝမ်းသာကြိုဆိုပါတယ်။ သမ္မတကြီးပြောသွားတဲ့ မိန့်ခွန်းကိုလည်း တော်တော်လေးအားရနှစ်ထောင်းဖြစ်မိပါတယ်။ ပြောသွားတဲ့အထဲမှာ တိုင်းရင်းသားတွေအပေါ်မှာ လိုလားတဲ့ငြိမ်းချမ်းရေးကို ပြည်သူပြည်သားတိုင်းရင်းသားများအားလုံးရဲ့ အကျိုးတွေအတွက် ဆောင်ရွက်သွားပါမယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်သွားမယ်ဆိုတာလည်း ကြားသိရပါတယ်။ အဲဒီအတွက် ကြိုလည်းကြိုဆိုပါတယ်"ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးစိုင်းထွန်းအောင်က ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ပြောကြားသည့် မိန့်ခွန်းတွင် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမည့်တာဝန်ရှိသည်ဟု ဆိုခဲ့သည်။

ထို့ကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုင်းသီဟကျော်က "ပြည်သူတွေရွေးချယ်တင်မြှောက်လို့ တက်လာတဲ့အစိုးရဆိုတော့ ကျွန်တော်တို့အနေနဲ့လည်း အထူးပဲဝမ်းမြောက်မိပါတယ်။ နှစ်ပေါင်း မြောက်မြားစွာခံစားခဲ့ရတဲ့ ပြည်သူတွေရဲ့ လူမှုဘဝဒုက္ခတွေအားလုံး၊ တိုင်းရင်းသားများအားလုံးတောင်းဆိုထားတဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သွားမယ်ဆိုတဲ့အပိုင်းကိုလည်း နိုင်ငံတော်သမ္မတက ပြောကြားသွားတဲ့အတွက်ကြောင့် အလွန်ပဲမျှော်လင့်မိပါတယ်။ ပြောခဲ့သလိုလည်း ဆောင်ရွက်နိုင်ပါစေလို့လည်း ဆုတောင်းပေးလိုပါတယ်"ဟု ဆိုသည်။

"နှစ်(၅၀)လောက်အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရလက်ထက်ကနေပြီးတော့ အရပ်သားအစိုးရစစ်စစ်ကို ပြောင်းလဲတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ ကြုံတွေ့ရမယ့်အခက်အခဲတွေက အများကြီးပါ။ ပထမအချက်ကတော့ တိုင်းရင်းသားရင်ကြားစေ့ရေးကို အစိုးရသစ်အနေနဲ့ ပထမဦးဆုံး ရင်ဆိုင်ဖြေရှင်းရနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အစိုးရအဖွဲ့သစ်အနေနဲ့ တတ်သိပညာရှင်တွေပူးပေါင်းပြီး ပြည်သူတွေက အစိုးရသစ်အပေါ် ယုံကြည်အားကိုးတဲ့ မျှော်လင့်ချက်ကို အများကြီးဖော်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်က ပြောသည်။

ဆက်လက်ပြီး"လောလောဆယ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ခြင်းမရှိသေးတဲ့အချိန်မှာတော့ သမ္မတနဲ့ အဖွဲ့ဝင်အားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းလိုက်နာဆောင်ရွက်ပါမယ်၊ ကာကွယ်စောင့်ရှောက်ပါမယ်ဆိုတာကို ကတိသစ္စာပြုထားကြရတာဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပြင်ဆင်ဖို့ကြိုးစားမယ်ဆိုတာကတော့ နောက်ပိုင်းတစ်ကဏ္ဍပါ။ ပြင်ဆင်ပြီးပြီဆိုရင်လည်းပဲ ပြင်ဆင်တဲ့အတိုင်း အားလုံးကလိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဆက်သွားမယ့်လမ်းကြောင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မယ့်အကြောင်းပါလာတဲ့အတွက်ကြောင့်မို့ အခက်အခဲကတော့ တပ်မတော်ရဲ့သဘောတူညီချက်ရယူဆောင်ရွက်ဖို့ဆိုရင် အခက်အခဲရှိနိုင်လိမ့်မယ်လို့ ဆိုနိုင်ပါတယ်။ တကယ်လို့ တပ်မတော်ဘက်က သဘောတူညီချက်ရပြီဆိုရင်တော့ အရာအားလုံးအဆင်ပြေချောမွေ့သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဦးစိုင်းသီဟကျော်က ဆိုသည်။

"ဒီနေ့ လွှတ်တော်ကို ပထမဦးဆုံး လာရောက်လေ့လာတာပါ။ အရပ်သားသမ္မတ ပထမဦးဆုံး စတင်ဦးဆောင်မှာဖြစ်တဲ့အတွက် ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ တိုင်းပြည်က ဒဏ်ရာဒဏ်ချက်တွေများတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ရင်ဆိုင်ကျော်လွှားမယ့် အခက်အခဲတွေတော့ အများကြီးရှိပါတယ်။ ဒါပေမယ့် အမေစုဦးဆောင်တဲ့အစိုးရသစ်မှာ ထိုအခက်အခဲတွေကို အောင်မြင်စွာကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်မှ လွှတ်တော်သို့ လာရောက်လေ့လာသူ ဦးအေးကျော်က ပြောသည်။

ပြည်သူတွေထဲက ပြည်သူတစ်ဦးဖြစ်သည့် လွှတ်တော်သို့ လာရောက်လေ့လာသူ မရမ်းကုန်းမြို့နယ်မှ ဒေါ်စန်းနွဲ့ကလည်း "အနှစ်နှစ်အလလ မျှော်လင့်စောင့်စားခဲ့ရတဲ့၊ ကြိုးစားခဲ့တဲ့ အနှစ်သာရကို ဒီနေ့ပြည့်ပြည့်ဝဝ ခံစားခဲ့ရတယ်။ ခံစားမှုနဲ့အလျောက် တာဝန်ယူမှုတွေလည်း ရှိပါတယ်။ သမ္မတကြီးပြောတဲ့ မိန့်ခွန်းက တိုတိုနဲ့လိုရင်းပဲပြောသွားတယ်။ အချက်အလက်ကလည်း ပြန်တွေးကြည့်လိုက်ရင်အများကြီးပဲ။ ကိုယ့်ကိုယ်ကိုယ်ပြန်မွမ်းမံပြီးတော့ တိုင်းပြည်အတွက် ငါလည်းတာဝန်ရှိနေပြီဆိုတာ သမ္မတတစ်ယောက်တည်းပဲ ပြောလို့မရဘူး။ သမ္မတတာဝန်ယူသွားသလို ပြည်သူလူထုအားလုံးကလည်း ကိုယ့်တာဝန်ကိုယ်ကျေပြီးတော့ ဆောင်ရွက်ကြဖို့လိုတယ်"ဟု ပြောသည်။

"ဘာပဲပြောပြော လက်ရှိအနေအထားအရ အကောင်းဆုံးအဆင့်ကို ရောက်ရှိနေပြီလို့ ပြောလို့ရပါတယ်။ အခုအခြေအနေက တိုက်ဆိုင်တာမဟုတ်ပါဘူး။ ပြည်သူတွေပေါင်းစုပြီးတော့ ဖြစ်ပေါ်လာတဲ့အနေအထားပါ။ ရှေ့ဆက်ပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားရဦးမှာပါ" ဟု ပန်းတနော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းညွန့်သိမ်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပါတီဥက္ကဋ္ဌအဖြစ်မှ အစိုးရအဖွဲ့ဝန်ကြီးအဖြစ် တာဝန်ယူတော့မည်ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်ပါတီတွင် မရှိပါက ပါတီ၏ ရှေ့ဆက်လုပ်ဆောင်မည့်အရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညဏ်ဝင်းအား မေးမြန်းခဲ့ရာ "ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဩဇာအာဏာဟာ ကျွန်တော်တို့အလွန်လိုချင်တဲ့အရာပါ။ အခုလို ဖြစ်သွားတယ်ဆိုတာကလည်း ကျွန်တော်တို့က လိုချင်လို့ ဖြစ်တာမဟုတ်ဘူး။ ဥပဒေအရလုပ်လို့မရလို့ လုပ်လို့ရတာကို လုပ်သွားတဲ့ သဘောပါ။ ပါတီကိုတော့ အတွင်းရေးမှူးအဖွဲ့က ဆက်လုပ်မယ်။ ပြန်လည်ဖွဲ့စည်းရေးလုပ်မှာပါ။ ဒါပေမယ့် လက်ရှိကတော့ အတွင်းရေးမှူး ငါးဦးက ဦးဆောင်မှာပါ"ဟု ဆိုသည်။

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများအပါအဝင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့ကြသည်။

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**အေဝမ်းစိုး၊ နိုင်လင်းကြည်၊ ကိုမင်း**

# သထုံမဟာသင်္ကြန်တွင် ရိုးရာနံ့သာသွေးပွဲ ပထမဆုံးအကြိမ် ထည့်သွင်းပြီး ယခင်နှစ်များကထက် စည်ကားအောင်ကျင်းပမည်

**သထုံ မတ် ၃၀**

မွန်ပြည်နယ် သထုံမြို့နယ်၏ ယခုနှစ် မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်တွင် ရိုးရာနံ့သာသွေးပွဲကို ပထမဆုံးအကြိမ်ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်အား ယခင်နှစ်များကထက် ပိုမိုစည်ကားစွာ ကျင်းပနိုင်အောင် စီစဉ်ထားကြောင်း သထုံမြို့နယ်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

"တိမ်မြုပ်လုနီးပါးဖြစ်နေတဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုကို ပြန်လည်အစပျိုးပေးတဲ့အနေနဲ့ရယ် နောက်ပြီး မြန်မာနှစ်သစ်ကို အမွှေးနံ့သာတွေပက်ဖျန်းပြီး မင်္ဂလာရှိရှိနဲ့ ကြိုဆိုချင်တာကြောင့် ထည့်သွင်းကျင်းပတာပါ"ဟု မြို့နယ်မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

သထုံမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာတစ်ခုတို့မှ လုပျိုဖြူလေးများက သင်္ကြန်အကြိုနေ့တွင် ဖွင့်ပွဲမတိုင်ခင် နံ့သာသွေးပွဲကို ပြုလုပ်ပြီး တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များနှင့် မြို့သူမြို့သားများက သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီဝင်းအတွင်းရှိ ဂြိုဟ်တိုင်အသီးသီးတွင် နံ့သာရည်များဖြင့် လှည့်လည် ပက်ဖျန်းခြင်းနှင့် သင်္ကြန်ပွဲတော်ဖွင့်ပွဲတွင် တက်ရောက်လာသူတို့အား ပက်ဖျန်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"မဏ္ဍပ်ကြီးတွေမှာ ရေကစားသူတွေနဲ့ လာရောက်ဖျော်ဖြေသူတွေကိုတော့ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ အတိုအပြတ်ဝတ်တာမျိုး၊ သရုပ်ပျက်တာမျိုးတွေကို ကန့်သတ်သွားမှာဖြစ်ပြီးတော့ မြို့နယ်အတွင်းမှာတော့ နိုင်ငံတော်ကသင်္ကြန်ကာလအတွက် ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေနဲ့အညီ ခွင့်ပြုသွားမှာပါ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ရေကစားမဏ္ဍပ်များတွင် လျှပ်စစ်မီးကြောင့် မီးဘေးအန္တရာယ်များကြုံတွေ့နိုင်ရာ အရေးပေါ်အခြေအနေများအတွက် တပ်ဖွဲ့ဝင်များကို အသင့်အနေထားပြင်ဆင်ထားပြီး ရေကစားမဏ္ဍပ်ကြီးတစ်ခုတွင်လည်း မီးသတ်ဆေးဘူး နှစ်ဘူးစီ ထားရှိပေးသွားမည်ဖြစ်ကြောင်း ခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

သထုံမြို့နယ်တွင် ယခင်နှစ်များက ဗဟိုရေကစားမဏ္ဍပ်ကြီးတစ်ခုနှင့် အဖွဲ့လိုက် ရေကစားမဏ္ဍပ်ငယ်များသာရှိရာမှ ယခုနှစ်တွင် ရေကစားမဏ္ဍပ်ကြီး သုံးခုနှင့် အခြားမဏ္ဍပ်ငယ်တို့ဖြင့် ရေကစားသွားကြမည်ဖြစ်ကြောင်း ယခုနှစ်မှာ ထူးခြားသည့် အပူချိန်မြင့်မားမှုနှင့် ကြုံတွေ့လျက်ရှိရာ ရေကစားသူများ အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က လှည့်လှည်ကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သထုံမြို့နယ်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

**သက်ဦး(သထုံ)**





# နန်းဆန်မန်းသင်္ကြန်ဖြစ်ရေးအတွက် ကြိုးစားလုပ်ဆောင်ပေးရန်လို

**မန္တလေး မတ် ၃၀**

သင်္ကြန်နားနီးလာသည်နှင့်အမျှ ပတ်ဝန်းကျင်တစ်ခွင် သင်္ကြန်တေးသီချင်းသံတို့လွှမ်းနေပေသည်။ ဈေးဆိုင်များ၊ စားသောက်ဆိုင်များမှအစ အဝါရောင်ပိတောက်ပန်းများဖြင့် အလှဆင်ရင်း သင်္ကြန်ကို ကြိုဆိုနေလျက်ရှိသည်။ လက်ဖက်ရည်ဆိုင်၊ ထီဆိုင်မှအစ သင်္ကြန်တေးများ လွှင့်ပျံ့နေလျက်ရှိသည်။ ယခုနှစ် သင်္ကြန်တွင် နန်းဆန်သော မန်းသင်္ကြန်ဖြစ်ရေးအတွက် ကြိုးစားအားထုတ်လျက် ရှိနေပေသည်။

မန္တလေးမြို့သူ မြို့သားများ ကျုံးနောက်ခံနှင့် ရေကစားမဏ္ဍပ်များကို နေ့စဉ်ကြည့်နေကြပေသည်။ မြို့တော်ဝန် မဏ္ဍပ်အခြေအနေ၊ ငွေဝန်းမောင်လှုပ်ရှားမှုနှင့်အတူ အခြားမဏ္ဍပ်များတွင် လာရောက်သီဆိုမည့်အဆိုတော်များသတင်းကို နားစွင့်နေကြသည်။ ထိုသို့နားစွင့်မှုများအတွင်း နန်းဆန်သောမန်းသင်္ကြန်အတွက် မြို့တော်ဝန်မဏ္ဍပ်မှဧည့်ခံမည့် အစီအစဉ်များကို မြို့ခံများ ပြောကြားလျက်ရှိနေပေသည်။ မြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲကို မန်းတောင်ရိပ်ခို၊ ပြည်ထောင်စု၏ထာဝရအလှ သီချင်းများဖြင့် ကပြဖျော်ဖြေဖွင့်လှစ်မည်ဖြစ်ကြောင်းကိုလည်း သိရှိနေကြပြီဖြစ်သည်။

ဖွင့်ပွဲတွင်နန်းဆန်သည့်မန်းသင်္ကြန်အတွက် လုပ်ဆောင်မှုများကိုလည်း မြို့ခံများပြောနေပေသည်။ ဖွင့်ပွဲတွင် မန္တလေးမြို့ရှိကျောင်းပေါင်း ၂၀ မှ ကျောင်းသား ကျောင်းသူအင်အား ၁၅၀၀ နှင့် မန်းစည်ပင်ယိမ်းအကအဖွဲ့မှ ဝန်ထမ်း ၂၀ တို့၏ အကအလှများကို ရှုစားရမည်ဖြစ်သည်။ မြို့တော်ဝန်မဏ္ဍပ်တွင် မန်းစည်ပင်ခေတ်ပေါ်တေးဂီတနှင့်တွဲဖက်ကာ မြန်မာသံစဉ်သီချင်း ၁၀ ပုဒ်ဖြင့် ဧည့်ခံဖျော်ဖြေမည့်သတင်း မန္တလေးမြို့အတွင်း သင်းနေပြီဖြစ်သည်။

ကျုံးပတ်လည်တွင် သင်္ကြန်မဏ္ဍပ်များ တဖြည်းဖြည်းရုပ်လုံးပေါ်လာပြီဖြစ်သည်။ တည်ဆောက်မှုကို ဧပြီ ၉ ရက်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။ ယခုနှစ်တွင် ရေသုံးစွဲမှုနည်းပါးရေးအတွက် ရေကစားချိန်များကို လျှော့ချထားပြီဖြစ်သည်။ မဏ္ဍပ်များသတ်မှတ်စည်းကမ်းဖြင့် ရေကစားရန်တိုက်တွန်းထားသလို နန်းဆန်သည့်မန်းသင်္ကြန်ဖြစ်ရေး မြို့သူမြို့သားများ ဝိုင်းဝန်းဆောင်ရွက်ပေးမှ ရနိုင်မည်ဖြစ်သည်။

လက်ရှိကာလတွင် နန်းဆန်သည့် မန်းသင်္ကြန်ကိုပေါ်လွင်စေသည့် သီချင်းသံများပတ်ဝန်းကျင်တွင်လွှင့်ပျံ့ကာ ခေတ်ပေါ်တေးများကို လွှမ်းနေလျက်ရှိသည်။ စာသားတစ်လုံးချင်းတွင် အဓိပ္ပာယ်ပြည့်ဝနေပြီး နားထောင်သူရင်ထဲ စာသားတစ်လုံးချင်းက ကိုင်စွဲနေပေသည်။ မြူမှောင်ဝေကင်း . . ငွေအဆင်းဆန္ဒ . . ပြည်ထောင် . . တိုင်းမြန်ပြည် . . အေးချမ်းအောင်ဆု . . သွန်းခါရေ . . အေးစေကြောင်း လောင်းတဲ့လုံမေ . . ထူးထူးကဲကဲလှကြပါစေ . . အဆင်ပြေ မြင်ရသူ ကြည်နူးလောက်ပေ . . သံသာ . . ချိုမြမြဆိုတေးလေးတွေ . . မန်းမြို့သူရဲ့ ဂုဏ်နဲ့ညီပေ . . ယဉ်ကျေးသူတွေ . . မနှစ်ကပဲ လောင်းခဲ့တာတွေ . . အေးအေးမြမြ မမေ့တဲ့နိုင်ပေ . . မှအစ နားဝတွင်စွဲထင်အောင် လွှင့်ပျံ့လျက် ရှိနေပေသည်။

**(တိမ်တမန်)**

# ရိုဒ်ရေကန်သွား ကတ္တရာလမ်းသစ်ဖွင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်တော့မည်

**ရိုခေါ်ဒါရ် မတ် ၃၀**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိုခေါ်ဒါရ်တွင်းမှ ရိဒ်ရေကန်သွား ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် ရိဒ်ခေါ်ဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက ယခုဖွင့်လှစ်သည့် ရိဒ်ရေကန်ကတ္တရာလမ်းသည် ပြည်သူများအားကိုးအားထားသည့် လမ်းတစ်ခုဖြစ်ကြောင်း၊ ဤလမ်းကြံ့ခိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားပြီး အဆိုပါ ရိဒ်ရေကန်သွား ကတ္တရာလမ်းသစ်အား မြို့အုပ်ချုပ်ရေး မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဟောက်ခုပ်နှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဆန်းလဒရ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရပ်မိရပ်ဖကိုယ်စားလှယ် ဦးဇရှမ်းလျန်က ကျေးဇူးတင်စကားပြောကြားရာတွင် "ဒီလမ်းဟာ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူတွေသာမက ရိဒ်ရေကန်ကို လာရောက်လည်ပတ်ကြတဲ့ အိမ်နီးချင်း နိုင်ငံသူ နိုင်ငံသားတွေပါ ဝင်ရောက်သွားလာကြတဲ့အတွက် အရေးကြီးတဲ့လမ်းတစ်ခုဖြစ်ပါတယ်။ ဒီလမ်းဟာ အရင်က မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွေမှာ သွားလာနိုင်ဖို့ အလွန်အခက်အခဲကြုံတွေ့ရတဲ့ လမ်းဖြစ်တယ်" ဟု ပြောသည်။

"အခုအခါမှာတော့ ကတ္တရာလမ်းအဖြစ်နဲ့ ခင်းကျင်းပေးတဲ့အတွက် ရာသီမရွေး၊ အချိန်အခါမရွေး အဆင်ပြေချောမွေ့စွာသွားလာလို့ရနေပြီ ဖြစ်ပါတယ်။ ရိဒ်ရေကန်သွားလမ်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးမှုအပေါ် ပြည်သူတွေကိုယ်စား အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်" ဟု ၎င်းကပင် ပြောသည်။

အဆိုပါ ရိဒ်ရေကန်သွားသည့်လမ်းကတ္တရာခင်းကျင်းခြင်း လုပ်ငန်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ထွမ်းဝုမ်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရိခေါ်ဒါရ်မြို့တွင်းမှ ရိရေကန်သို့အရှည် သုံးဖာလုံ၊ လမ်းအကျယ် ၁၅ ပေရှိကြောင်း သိရသည်။

အဆိုပါ လမ်းပြီးစီးခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေ ချောမွေ့တော့မည်ဖြစ်သည်။

**(ဇိုဟေဆာ)**

# အောင်လံမြို့တွင် ကာတွန်းဆရာကြီးများ၏ ရသစုံကာတွန်းပြပွဲ ကျင်းပ

**အောင်လံ မတ် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ကန်ကြီးရပ်ကွက် ချယ်ရီရွှေခန်းမ (၁)တွင် မတ် ၂၉ ရက် နံနက်ပိုင်းက အောင်လံမြို့နယ်မှ ကာတွန်းဆရာကြီးများဖြစ်ကြသော ကိုဖေသစ်တည်၊ ကိုဆွေသား၊ ကိုဒီမျိုးနောင်၊ ကိုကြည်သွင်၊ ကိုမျိုး (အောင်လံ)၊ ကိုကင်း၊ ကိုဇေလတ်ခိုင်တို့ ခုနစ်ဦး၏ စီစဉ်မှုဖြင့် "ရသစုံ" ကာတွန်းပြပွဲ ကိုကျင်းပခဲ့သည်။ ယင်းပြပွဲတွင် အောင်လံကာတွန်းဆရာခုနစ်ဦးတို့၏ ကာတွန်းလက်ရာ များနှင့် ရန်ကုန်မြို့၊ ပြည်မြို့တို့မှ ကာတွန်းဆရာကြီးများ၏ ကာတွန်းပန်းချီလက်ရာပေါင်း ၂၀၀ အား ချိတ်ဆွဲပြသထားကာ ကာတွန်း ပန်းချီဆရာများက လက်တွေ့ကယ်ရီကေးချားရေးဆွဲပေး၍ ရန်ပုံငွေရှာကြပြီး ပြပွဲအား မတ် ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်ပြသခဲ့ပြီး ပြပွဲသို့ကာတွန်းဝါသနာရှင်များ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

❑



# ရှားပါးစွာတွေ့မြင်ရမည့် ရေဦးမြို့မှ ဒေါင်းလန်းလုပ်ငန်း

**မုံရွာ မတ် ၃၀**

ဝါးကို နှီးအဖြစ်ခွဲခြမ်းစိတ်ဖြာ၍ ရက်လုပ်ရသည့် နှီးဖြာလုပ်ငန်းအဖြစ် မြန်မာ့ရိုးရာ ဒေါင်းလန်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မြောက်ဘက် ၅၉ မိုင်ခန့်အကွာရှိ ရေဦးမြို့တွင် မျိုးရိုးစဉ်ဆက်လုပ်ကိုင်နေသည့် ဒေါင်းလန်းလုပ်ငန်းကို ရှားရှားပါးပါးတစ်ခုတည်းသာကျန်သောလုပ်ငန်းအဖြစ် တွေ့ရသည်။

“အသက် ၁၅ နှစ်သားကတည်းက ဒေါင်းလန်းလုပ်လာတာပါ။ ရေဦးမြို့နယ် ဝသဲရွာသားပါ။ ဒီနယ်မှာတော့ ဝသဲနဲ့ မီးမော်ကုန်းရွာတို့ပဲ ယွန်းဒေါင်းလန်းလုပ်ကြတာပါ။ မြေပြန့်ကသူတွေကတော့ မသုံးကြဘူး။ တောင်ပေါ်ရှမ်းပြည်ကပဲ သုံးကြတယ်။ လက်ဖက်ခြောက်ထွက်တဲ့ ရာသီဆိုရင် မန္တလေးပွဲရုံကြီးတွေမှာ ကြိုပို့ထားရတယ်။ ဒီလုပ်ငန်းကို လုပ်ရတာ မိသားစုလုပ်ငန်းအဖြစ် မျိုးရိုးမပျက်ထိန်းသိမ်းထားတဲ့သဘောပါ။ ငါးယောက်စားဒေါင်းလန်းတစ်ခုကို ကျပ်ငါးထောင်နဲ့ရောင်းရပါတယ်။ အရင်းက ကျပ်လေးထောင်ကျတယ်။ တကယ်အစစ်အမှန် ပစ္စည်းကောင်းချည်းသုံးမယ်ဆိုရင် ငါးယောက်စားဒေါင်းလန်းတစ်ခုကို ကျပ်ငါးသောင်းလောက်ရမှ လုပ်နိုင်မှာပါ။ သက်တမ်းကလည်း အနည်းဆုံး ၁၀ နှစ်အထိခိုင်တယ်။ပန်းကန်လို ကျကွဲမှာလည်းမပူရဘူး”ဟု အသက် ၇၅ နှစ်ရှိ ဒေါင်းလန်းလုပ်သူက ပြောပြသည်။

ဒေါင်းလန်းကို ယခုအခါ မန္တလေး၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ နန့်ခမ်းတို့သို့ တင်ပို့ရောင်းချရကာ ရှမ်းပြည်နယ်မှ ဒေါင်းလန်းကို “ဖိန်း”ဟုခေါ်ပြီး ပလောင်များက ဂလန့်၊ ကချင်ပြည်နယ်က ကြည်လင်၊ မိုးကုတ်မြို့က ဒေါင်းဘောင်၊ ဘုတလင်မြို့က ဗန်းဒယ်၊ မုံရွာ ကျောက်ကာရွာက ရက်သာဟုခေါ်၍ ပင်မလုပ်ငန်းရှင် ရေဦးမြို့ကလွှားဟု အသီးသီးခေါ်ဆိုကြကြောင်း သိရသည်။



ဝါးကိုနှီးအဖြစ်ခွဲခြမ်းစိတ်ဖြာ၍ ဒေါင်းလန်းပြုလုပ်နေသည်ကို တွေ့ရစဉ်။

ဒေါင်းလန်းများကို လူဦးရေ ငါးယောက်စား၊ သုံးယောက်စား၊ နှစ်ယောက်စားအဖြစ်ပြုလုပ်ပြီး အဆိုပါအရွယ်အစားထက် ကြီးမားစွာလုပ်လိုလျှင်လည်း ပြုလုပ်ပေးကြောင်း သိရသည်။ ဒေါင်းလန်းကောင်းတစ်ခုရရန် အချိန်နှစ်လခန့်ယူ၍လုပ်ရပြီး အကြမ်းအားဖြင့် ဒေါင်းလန်းကို အပိုင်း ၁၀ ပိုင်းခန့်ခွဲ၍ ပြုလုပ်ရသည်။ အပေါ်ပိုင်း မျက်နှာပြင်မှစ၍ အောက်ခြေအထိလွှား(မျက်နှာခွက်)၊ ဗေဒါခွ၊ ခွက်သီး၊ ခွက်နင်း၊ ပန်းကုံး၊ ခြေတန်၊ ပြော့တောင်၊ ပြော့ရစ်၊ ကြာဘလား၊ ခုံဘီး ဟူ၍ အပိုင်း ၁၀ ပိုင်းခွဲ၍ ပြုလုပ်ရသည်။ လွှားခေါ် မျက်နှာခွက်၏ အောက်ဘက်တွင် ဒေါင်းလန်းအပေါ်မျက်နှာပြင် တင်းမာခိုင်ခံ့စေရန် သစ်စေးဖြင့်သုတ်လိမ်းရန် တပ်ထားသောနှီးခွေကို ဗေဒါခွဟုခေါ်ကြောင်း သိရသည်။

မျက်နှာခွက် လွှားကို ပြုလုပ်၍ ဝါးနှီးငယ်များကို သပ်သပ်ရပ်ရပ်ဖြင့် လိုအပ်သောမျက်နှာပြင်အတိုင်း အတာအလိုက် စက်ဝိုင်းပုံရက်လုပ်ရပြီး ရက်လုပ်ထားသော စက်ဝိုင်းအတွင်း သစ်စေးသုတ်၍ လွှစာမှုန့်ဖြူးခြင်းကို စအိုထိုးသည်ဟုခေါ်တွင်၍ မျက်နှာခွက်လွှားကို မြေတိုက်တွင် လုံလောက်သောအပူရရန် သုံးညခန့်ထားရသည်။

သစ်စေးအိပ်လျှင် ခွက်ဘီးနှင့် မျက်နှာခွက်ကို ဆက်စပ်ပေးပြီး ခွက်ဘီးကြားသို့ အနားသားများခိုင်မြဲစေရန် လွှစာမှုန့် များသိပ်ထည့်ကာ သစ်စေးသုတ်၍ မြေတိုက်ထဲသို့ သွင်းရပြန်သည်။ မျက်နှာခွက်၏အောက်ဘက် ဗေဒါခွ (ခေါ်) နှီးခွေကိုတပ်ဆင်ပြီး မျက်နှာခွက်နှင့် ပန်းကုံးကိုဆက်ပြီး သစ်စေးသုတ်၍ မြေတိုက်တွင် သုံးညခန့်ထားအပြီးတွင် အာလူးကျောက်ဖြင့် ပွတ်တိုက်ရသည်။

ယခုအခါ ကျောက်ခဲအစား ကော်ပတ်ဖြင့် ပွတ်တိုက်ကြပြီး မျက်နှာခွက်မှ ခွက်နင်းအထိပြုလုပ်သော အပိုင်းကို ဒေါင်းလန်း၏အပေါ်ပိုင်းဟုခေါ်ပြီး ခွက်နင်း၏ အောက်ခံဘီးအထိကို အောက်ပိုင်းဟုခေါ်သည်။

ပြုလုပ်ရသည့် အချိန်ကြာမြင့်မှု၊ လူတို့၏နေထိုင်စားသောက်မှုစရိုက်ပြောင်းလဲလာမှု၊ ခေတ်အမြင်ကျယ်ပြန့်လာမှုတို့ကြောင့် မြန်မာ့ရိုးရာမိသားစု ချစ်ကြည်ရေးသရုပ်ဖော်သော ဒေါင်းလန်းသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်လုအခြေအနေတွင် တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရေဦးမြို့တွင် လုပ်ကိုင်လျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရောဝတီမြစ်ရေ ရုတ်တရက်တိုးနိုင်

**နေပြည်တော် မတ် ၃၀**

ရောဝတီမြစ်ရေသည် ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၇၆ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၁၅ နာရီအတွင်း ခြောက်ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လေးပေမှ ငါးပေခန့် နောက် သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# တောင်သူများအား လယ်ယာမြေနစ်နာကြေးပေးအပ်

**မင်းကင်း မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ကနီ - မင်းကင်း-မြို့မကားလမ်းဖောက်လုပ်ရာတွင် ပါဝင်သော တောင်သူများအား လယ်ယာမြေနစ်နာကြေးပေးအပ်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ နစ်နာတောင်သူ ၂၉၇၉ ဦးတို့အား လယ်မြေကောင်း တစ်ဧကလျှင် ၁၂ သိန်း၊ လယ်မြေညံ့ တစ်ဧကလျှင် ၁၀ သိန်းနှုန်းဖြင့် နှစ်မျိုးခွဲ၍ စုစုပေါင်းလယ်မြေ ၈၄ ဒသမ ၃ ဧကနှင့် ယာမြေကောင်းတစ်ဧကလျှင် ရှစ်သိန်း၊ ယာမြေညံ့ တစ်ဧကလျှင် ခြောက်သိန်းနှုန်းဖြင့် စုစုပေါင်းယာမြေ ၈၀ ဒသမ ၈၈ ဧကတို့အတွက် လျော်ကြေးငွေစုစုပေါင်း ကျပ်ငွေ ၁၄၁၈ သိန်းကျော်ကို မြို့နယ်လယ်ယာမြေပေးအပ်ရေးကော်မတီဝင်များက နစ်နာသူတောင်သူများထံသို့ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ နစ်နာကြေးပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တောင်သူလယ်သမား ၂၉၇ ဦးတို့တက်ရောက်ကြပြီး လယ်ယာမြေပိုင်ရှင်များကိုယ်စား တောင်သူတစ်ဦးက နစ်နာကြေးပေးလျော်မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**(ဂျိုးနက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

# အရင်းဈေးထက် တစ်ပိဿာကျပ် ၂၅၀ ဈေးမြင့်သော်လည်း လက်လီသာရောင်းချ၍ ဈေးကွက်တွင်ဆီဝယ်ယူရန်အခက်အခဲဖြစ်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်ဆီဈေးကွက်တွင် ဆီရောင်းသည့်ပွဲရုံများ၊ ပြည်ပမှ ဆီတင်သွင်းသူများအနက်အများစုမှာ ရောင်းချခြင်းမရှိသည်မှာ ရက်အတန်ကြာသည့်အတွက် ပြည်ပဆီဈေးနှုန်းတက်ချိန်တွင် ယခင်ယူနေကျအမြတ်ထက်များစွာဈေးတင် ရောင်းချမှုရှိလာသည်။

မတ် ၂၉ ရက် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၇၁၅ ဒေါ်လာ၊ ငွေလဲနှုန်းကျပ် ၁၂၁၆ ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေးမှာ ကျပ် ၁၆၃၀ ဖြစ်သည်။ မတ် ၂၉ ရက်နေ့ ရန်ကုန်ဆီဈေးကွက်တွင် စားအုန်းဆီဝယ်ယူရာတွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ နှုန်းဖြင့် ရောင်းသည်ဆိုသော်လည်း ဝယ်နေကျသူများကိုသာ တစ်ပီပါ၊ နှစ်ပီပါ ရောင်းချမှုရှိသည်။ နယ်မှ ပုံမှန်ဝယ်နေကျ ကုန်သည်များ ရန်ကုန်ဈေးကွက်၌ ဆီဝယ်ယူရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု သိရသည်။

ယနေ့ ရန်ကုန်ဈေးကွက်တွင်ရှိသောဆီများမှာ မတ်လ တတိယပတ်အတွင်း ပြည်ပမှဝယ်ယူထားသော ဆီများဖြစ်ပြီး ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးမှာ ပျမ်းမျှ ကျပ် ၁၅၅၀ သာရှိသည်။ သို့ဖြစ်ရာ မတ် ၂၉ ရက် ဈေးကွက်တွင် ဆိပ်ကမ်းရောက် အရင်းဈေးထက် Do ဆီထုတ်ယူခွင့် စာရွက်ဈေးမှာ ကျပ် ၁၇၅၀ ဖြစ်ပြီး လက်ငင်း ဆီဝယ်ယူရာတွင် ဆီဈေးဖွင့်ပြီး ပုံမှန်ရောင်းဝယ်သူ မရှိသလောက်ဖြစ်နေသည်။ ဝယ်ယူ ရောင်းသူ နှစ်ဦးသဘောတူ ဈေးသက်မှတ်ရောင်းချနေရာ တစ်ပိဿာ ကျပ် ၁၉၀၀ ဝန်းကျင်ရှိသည်ဟု ဆီဈေးကွက်မှ စုံစမ်းသိရသည်။

ယခုရက်ပိုင်း ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးကုန်တင်၊ ကုန်ချသင်္ဘော အဝင်၊ အထွက် မတ် ၂၅ ရက်နေ့ ကောက်ယူထားသော စာရင်းအရ စားအုန်းဆီတန်ချိန် ၄၂၅၀ တင်ဆောင်လာသော သင်္ဘောနှစ်စီး၊ ၄၂၀၀ တန်ချိန်ပါ တစ်စီး၊ ၄၃၀၀ တန်ချိန်ပါတစ်စီး ဆိုက်ကပ်မှုရှိမည်ဟု သိရသည်။

ပြည်ပမှ ဆီသင်္ဘောများ အဝင်ရှိခြင်း၊ ပင်လယ်ဝတွင် ဆီကန် အခက်အခဲကြောင့် ဆီချရန်စောင့်ဆိုင်းနေရခြင်း သတင်းများထွက်ပေါ်နေသော်လည်း ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် ဈေးနှုန်းများပုံမှန်အနေအထားထက်လွန်ကဲသော ဈေးတက်ခြင်းများ မြင်တွေ့နေရသည်။

၂၀၁၁ ခုနှစ် ဧပြီလ၏ လကုန်ပိုင်းနှင့် မေလဆန်းတွင် ပြည်တွင်း လက်ကျန်စားအုန်းဆီနည်း၍ဆိုကာ တစ်ပိဿာလက်ကားဈေးနှုန်း ကျပ် ၂၉၀၀ ထိဈေးမြင့်တက်ခဲ့သည်။ စားအုန်းဆီတင်သွင်းရေးမူဝါဒအသစ်ချမှတ်ပြီး ပြည်တွင်းသို့စားအုန်းဆီ တစ်ဦးတည်း တင်သွင်းမှုမှ ပြည်ပပို့ကုန် ဝင်ငွေရှိသူတိုင်းအား လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့သည်။ သို့ဖြစ်ရာ ပြည်တွင်းဆီဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသော အရင်းဈေးထက်ကွာခြားမှုနည်းသော ဈေးနှုန်းဖြင့်စားသုံးသူများ ဝယ်ယူခွင့်ရရှိခဲ့သည်။

ဆီသင်္ဘောအဝင်မရှိခြင်း၊ ဆီကန်မှ ဆီထွက်မရခြင်း အကြောင်းပြု၍သာ ဆီဈေးကွက်တွင် ဆီဈေးနှုန်းမြင့်တက်မှုရှိတတ်သည်။ သို့သော် ရက်ပိုင်းသာကြာမြင့်ပြီး ပုံမှန်ဖြစ်လေ့ရှိသည်။

လွယ်လပ်စွာ ဆီတင်သွင်းခွင့်ပြုသော မူဝါဒတွင် ပြည်တွင်းဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေရမည်ဟု ပါရှိသော်လည်း လိုက်နာမှု အားနည်းသည့်အတွက် ဆီဈေးနှုန်းများဖြစ်သင့်သည်ထက် ပိုမိုမြင့်တက် လာခြင်းဖြစ်သည်ဟု နေ့စဉ် ဆီဝယ်ယူနေသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

ဆီဈေးကွက်တွင် ကြိုရောင်း၊ ကြိုဝယ်မှုများရှိရာ ဖေဖော်ဝါရီလကုန် ကြိုရောင်း၊ ကြိုဝယ်စာရင်းရှင်းရာဝယ် ထွက်ပြေးတိမ်းရှောင်သွားသည့် ကြိုရောင်းသမား တစ်ဦးရှိခဲ့သည်။ ကြိုရောင်းဈေးထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ဝန်းကျင် ဈေးမြင့်သည့်အတွက် ဆီတစ်ပီပါလျှင် ကျပ်တစ်သောင်းဝန်းကျင်နှင့် စရန်ငွေများ ဆုံးရှုံးမှုတွေ ကြုံခဲ့ရသည်။

ယင်းပုဂ္ဂိုလ်နှင့် ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်ထားသူများ၊ ဆီအသင်းသားများ တွေ့ဆုံမည့် အစည်းအဝေးကို မတ် ၃၀ ရက်တွင်ပြုလုပ်ရန်ရှိသည်ဟု အသင်းရုံးရှေ့တွင် အသိပေးစာကပ်ထားသည်။ ဆီဈေးကွက်တွင်ကြိုရောင်း၊ ကြိုဝယ် မလုပ်ရန် ပြောကြားမှုရှိသော်လည်း နှစ်ဆန်းပိုင်းကတည်းက ဇွန်နှင့် ဇူလိုင်လဝန်းကျင်ထိလစဉ် လကုန်အပ်ကြိုရောင်း၊ ကြိုဝယ်မှုများရှိထားသည်။

ဆီဈေးနှုန်းအဆမတန် မြင့်လာသဖြင့် တစ်ပိဿာ ကျပ်တစ်ရာကွာခြားမြင့်တက် ချိန်တွင်ပင် ကြိုရောင်းသူတစ်ဦး စာရင်းမရှင်း ထွက်ပြေးတိမ်းရှောင်မှု ရှိခဲ့သည်။

ယခုကဲ့သို့အရင်းဈေးထက်တစ်ပိဿာကျပ် ၂၅၀ ဝန်းကျင်ဈေးမြင့်ချိန် မတ်လကုန် စာရင်းရှင်းအပ်ချိန်တွင် စာရင်းမရှင်းဘဲ ရှောင်တိမ်းသူများ ထပ်မံရှိလာမည်ဟု ဆီရောင်းဝယ်သူများက ပြောဆိုနေသည်။

စားသုံးသူများ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်းကြီးမြင့်မှုမဖြစ်ပေါ်ရန် ၂၀၁၁ ခုနှစ် မေလဆန်း ဝန်းကျင်တွင် စားအုန်းဆီ တင်သွင်းရေးမူဝါဒသစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ မတ်လအတွင်းတွင် ပြည်ပမှ ဆီတင်သွင်းသူအချို့ ဆီဈေးကွက်မှ ဆီရောင်းဝယ်သူများ ပြည်တွင်းစားအုန်းဆီတည်ငြိမ်ရေးကို လိုက်နာမှုအားနည်းလာသည်။ သို့ဖြစ်ရာ ဈေးကွက်တွင် ပြည်ပမှတင်သွင်းသော ဆီသင်္ဘောများရှိသော်လည်း ဈေးနှုန်းမြင့်တက်မှု ကြုံတွေ့ရသည်။

ဆီထုတ်ယူရာတွင် အခက်အခဲရှိခြင်း၊ ပြည်ပဆီဈေးတက်ခြင်း၊ အကြောင်းပြလျက် ဈေးကွက်တွင် အရောင်းပိတ်ထားမှု ရက်ရှည်လာခြင်း၊ ရောင်းချသော်လည်း စတိသဘောမျိုးသာ ရှိခြင်းကြောင့် ဆီဈေးနှုန်းများ မြင့်တက်လာပြီး ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းထက်များစွာများပြားသော အကျိုးအမြတ်များကို ပြည်ပမှဆီတင်သွင်းသူနှင့် ဆီလက်ဝယ်ရှိသူများ ရရှိနေသည်။

သို့သော် ပြည်တွင်းတွင် စားအုန်းဆီ ပြန်လည်ရောင်းချသူများ၊ ဆီအသုံးပြုလုပ်ငန်း လုပ်ကိုင်သူများ၊ စားသုံးသူများ အခက်အခဲနှင့် တွေကြုံနေရကာ ဈေးကြီးမြင့်မှုများ ရင်ဆိုင်တွေ့နေရသည်ဟု ဆိုသည်။ ယနေ့ ဈေးဖြင့်ဆိုလျှင် ဆီတစ်တန်လျှင် အကျိုးအမြတ် ကျပ်တစ်သိန်းဝန်းကျင် ရရှိနေသည်ဟု သိရသည်။

**(မောင်စေအောင်)**

❑

## ကြေးမုံ ရုပ်ရှင်အညွှန်း

# မဟာသင်္ကြန် အကြိုဇာတ်ကားသစ် သင်္ကြန်ပြတိုက်ဇာတ်ကား ဧပြီ ၁ ရက်တွင် ပြသမည်

ခုချိန်ကာလဟာ သင်္ကြန်ရေသဘင်ပွဲဆင်နွှဲဖို့ နီးကပ်လာချိန်လည်းဖြစ်တာကြောင့် ရုပ်ရှင်ချစ်ပရိသတ်ကြီးကို ဒီနှစ်ရဲ့ မဟာသင်္ကြန်အကြို ဇာတ်ကားသစ်ဖြစ်တဲ့ စိုင်းစိုင်းခမ်းလှိုင်၊ ခင်ဝင့်ဝါနဲ့ နန်းဆုဦးတို့ ခေါင်းဆောင်ပြီး သရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားတဲ့ သင်္ကြန်ပြတိုက်လို့ အမည်ရတဲ့ သင်္ကြန်ဇာတ်ကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။




ဒီဇာတ်ကားမှာ အထက်တန်းကျောင်းသားဘဝထဲက ငယ်သူငယ်ချင်းများဖြစ်ကြတဲ့ စိုင်း၊ အယ်လ်ဖော်ခိုင်၊ ဖိုးရှုပ်နဲ့ မြသွေးချယ်တို့ဟာ လူငယ်တို့ထုံးစံအတိုင်း သင်္ကြန်ရက်နီးလာတော့ သင်္ကြန်မှာပျော်ရွှင်ဖို့ တိုင်ပင်နေတုန်း စိုင်းရဲ့အဘိုးက ငွေထုတ်ပေးတော့ အားလုံးပျော်ရွှင်သွားကြပါတယ်။

ဒီအချိန်မှာ မြသွေးချယ်ရဲ့ အွန်လိုင်းကသူငယ်ချင်း ဟေဇယ်ကလည်း သင်္ကြန်ခံစားဖို့ မြန်မာပြည်ကိုရောက်လာခဲ့ပြီး သူက စိုင်းကို တိတ်တခိုးစိတ်ဝင်စားနေခဲ့ပါတယ်။ ဒီလိုနဲ့ သင်္ကြန်အတွက် မဏ္ဍပ်ဆောက်ပြီး လက်မှတ်တွေလိုက်ရောင်းနေချိန်မှာ မြသွေးချယ်ရဲ့ မောင်လေးဖြစ်သူဟာ ကားတိုက်ခံရတဲ့အတွက် အခက်အခဲများစွာနဲ့ သင်္ကြန်ကျဖို့ သုံးရက်အလိုအထိ စပွန်ဆာရှာမရဘဲစိုင်းတို့အုပ်စုအခက် ပွေနေကြတယ်။

ဟေဇယ်က ဒီအခက်အခဲတွေအားလုံးကိုဖြေရှင်းပေးလို့ ပြေလည်သွားပြီး ပျော်ရွှင်စွာအဆုံးသတ်ထားကြပုံကို ပျော်ရွှင်ကြည်နူးဖွယ် ခံစားကြည့်ရှုနိုင်ကြမှာဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ ဝတ္ထု မင်းခိုက်စိုးစန်၊ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရဲ့ လက်ရာဖြစ်တဲ့ ဒီဇာတ်ကားလေးကို သမ္မတ၊ မင်္ဂလာ (၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ Cineplex၊ ဝင်းလိုက်နဲ့ မင်္ဂလာထွန်းသီရိ Cineplex 1 2 3 တို့မှာ လာမယ့် ဧပြီ ၁ ရက်ကစလို့ ရုံတင်ပြသပေးသွားမှာဖြစ်လို့ သင်္ကြန်အကြို မြန်မာဇာတ်ကားလေးကို ပရိသတ်များခံစားနိုင်ရန် တင်ပြလိုက်ရပါတယ်။

နိုင်ငံခြားဇာတ်ကားသစ် အနေနဲ့ ဝါရင့်အက်ရှင်မင်းသားကြီး မော်ဂန်ဖရီးမန်း ပါဝင်သရုပ်ဆောင်ထားတဲ့ မှုခင်းအက်ရှင်ဇာတ်ကား London Has Fallen (2D)ကို မင်္ဂလာ(၂)၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာ စံပြ Cineplex 1 2 3၊ မင်္ဂလာဒိုင်းမွန်း Cineplex 1 2 3 နဲ့ မင်္ဂလာထွန်းသီရိ Cineplex 1 2 3 တွေမှာ ဧပြီ ၁ ရက်ကစလို့ ရုံတင်ပြသသွားမှာဖြစ်ပါကြောင်း သတင်းပါးလိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**

# သုံးပွင့်ဆိုင်ဇာတ်လမ်းကြားက ရောဘတ်၊ ခရစ်စတင်းနဲ့ ဆိုကို

သွေးစုပ်ဖုတ်ကောင်တွေအကြောင်း စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ်တင်ဆက်မှုတွေနဲ့ ဖန်တီးရိုက်ကူးခဲ့ပြီး ကမ္ဘာတစ်ဝန်းအောင်မြင်မှုတွေသိမ်းပိုက်နိုင်ခဲ့တဲ့ "Twilight"ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသားရောဘတ် ပတ်တီဆန်နဲ့ မင်းသမီးခရစ်စတင်းတို့နှစ်ဦးဟာ အလွန်လိုက်ဖက်တဲ့စုံတွဲတစ်တွဲဖြစ်ပါတယ်။ အပြင်လောကမှာလည်းချစ်သူတွေဖြစ်ခဲ့ကြပြီး ပရိသတ်တွေကလည်း လိုက်ဖက်တဲ့စုံတွဲအဖြစ် သတ်မှတ်ပေးခြင်း ခံထားရတဲ့စုံတွဲဖြစ် ပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦးရဲ့ချစ်သူသက်တမ်းလေးနှစ်ခန့်မှာ လမ်းခွဲခဲ့တဲ့အခြေအနေကို ရောက်ခဲ့ကြပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းကတော့ ခရစ်စတင်းက သူ့ရဲ့ရုပ်ရှင်သစ် "Snow White and the Huntsman"ရဲ့ ဒါရိုက်တာဖြစ်သူ ရက်ပ်ပါ့စန်းဒါးစ်နဲ့ သတင်းတွေထွက်ခဲ့တာကြောင့်ဖြစ်ပါတယ်။ ယူအက်စ်ဝိခ်ကလီးသတင်းစာက ခရစ်စတင်းနဲ့ ရက်ပ်ပါ့စန်းဒါးစ်တို့ရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တဲ့အချိန်မှာတော့ခရစ်စတင်းက ရောဘတ်ကိုမီဒီယာတွေကနေတစ်ဆင့် တရားဝင်တောင်းပန်ခဲ့ပေမယ့် အဲဒီအဖြစ်အပျက်နောက်ပိုင်းလမ်းခွဲခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းမှာတော့ ရောဘတ်က အဆိုတော်အက်ဖ်ကေအေတွစ်နဲ့ ချစ်သူတွေဖြစ်နေကြကြောင်းထုတ်ဖော်ပြောကြားခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းမှာ တရားဝင်စေ့စပ်ခဲ့ကြပါတယ်။

လတ်တလောမှာတော့ ခရစ်စတင်းက လိင်တူချစ်သူ အဆိုတော်ဆိုကိုနဲ့ ချစ်သူတွေအဖြစ် လူသိရှင်ကြားတွဲလာကာ သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ မကြာခဏဆိုသလို အတူတွဲတွေ့လာရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ မတ်လအတွင်းက တေးဂီတဘလော့ခ်တစ်ခုနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဆိုကိုက သူနဲ့ ရောဘတ်တို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ဆိုကိုက ရောဘတ်နဲ့သူဟာ လော့စ်အန်ဂျယ်လိစ်ကို သူစတင်ပြောင်းရွှေ့လာချိန်က တွေ့ဆုံခဲ့ကြကာ ချစ်သူတွေ ဖြစ်ခဲ့ကြတာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ဒါ့ကြောင့် ခရစ်စတင်းရဲ့ လက်ရှိချစ်သူဟာ သူ့ရဲ့ချစ်သူဟောင်းရောဘတ်နဲ့လည်း ချစ်ကြိုက်ခဲ့ဖူးသူဖြစ်တဲ့အတွက် သူတို့ရဲ့ အချစ်ဇာတ်လမ်းကို သုံးပွင့်ဆိုင်ဇာတ်လမ်းတစ်ပုဒ်အဖြစ် ဟောလိဝုဒ်မီဒီယာ တွေက ဖော်ပြခဲ့ကြပါတယ်။

ဆိုကိုနဲ့ ခရစ်စတင်းတို့ဟာ ယခုနှစ်အစပိုင်းက ညစာစားပွဲတစ်ခုမှာ တွေ့ဆုံခဲ့ကြပြီးတဲ့နောက် ချိန်းဆိုတွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ယခုလအစပိုင်းမှာ ခရစ်စတင်းက ပဲရစ်ကိုသွားရောက်လည်ပတ်ကာ ဆိုကိုနဲ့ တွေ့ဆုံခဲ့ခြင်းဖြင့် သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို တရားဝင် ထုတ်ဖော်ပြသခဲ့ကာ အမေရိကန်တစ်ဦးနဲ့ ထပ်မံပြီးချစ်သူတွေအဖြစ် လက်မတွဲချင်တဲ့ ခရစ်စတင်းအဖို့ ပြင်သစ်လူမျိုး ဆိုကိုဟာ ပြည့်စုံတဲ့ချစ်သူဖြစ်လာကြောင်း သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးက ဖွင့်ဟခဲ့တယ်လို့ သည်မေရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

**အေးပြည့်**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၃၁ - ၃ - ၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့်<br>-မိုးလေဝသအစီအစဉ်<br>-တေးဂီတအစီအစဉ် | ၈း၃၀ | ကာတွန်းအစီအစဉ်<br>"BEN 10 ALIEN FORCE"<br>(အပိုင်း-၂၂) |
| ၆း၃၀ | ပြည်သူ့နီတိ<br>"ရိုးရိုးကျင့် မြင့်မြင့်ကြံ" | ၈း၅၀ | တေးဂီတအစီအစဉ် |
| ၆း၄၀ | တေးဂီတအစီအစဉ် | ၉း၀၀ | အဆိုတော် ဒေါ်မာမာအေး<br>(အပိုင်း-၂) |
| ၇း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ<br>"လျှို့ဝှက်သော ပုစ္ဆာ"<br>(အပိုင်း-၁၂) | ၉း၅၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၇း၄၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ<br>"အချစ်စစ်ရဲ့ အလှတရား"<br>(အပိုင်း-၁၂) | ၁၀း၀၀ | မြန်မာ့ဗီဒီယိုဇာတ်လမ်း<br>"နားအေးပါးအေး" |
| | | ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ဇဂ္ဂသုတ် | | |
| ၅း၄၀ | "စိတ်ဆင်ရိုင်းနှင့် ပညာချွန်း"<br>တရားတော် (ပါမောက္ခချုပ်<br>ဆရာတော်ဒေါက်တာဘဒ္ဒန္တ<br>နန္ဒမာလာ ဘိဝံသ) | | မြောက်ပိုင်းရှိ<br>ဘုန်းတော်ကြီးသင် ပညာရေး<br>ကျောင်းများသို့ ဆိုလာမီးအိမ်များ<br>လှူဒါန်းခြင်း |
| | | ၆း၁၀ | Health Fix |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ထာဝရချစ်သူသည်သာ"<br>(အပိုင်း-၁၈) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ထာဝရချစ်သူသည်သာ"<br>(အပိုင်း-၁၉) |
| ၈း၀၀ | "မင်္ဂလာပါ"<br>The Morning Show | ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ<br>"မေတ္တာအသည်းမြွာ"<br>(အပိုင်း-၅၂) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"အိမ်ရှင်မတို့ချစ်စကား"<br>(အပိုင်း-၆၅) | ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"အိမ်ရှင်မတို့ချစ်စကား"<br>(အပိုင်း-၆၆) |
| ၁၁း၀၀ | အနုပညာမိုးကောင်းကင် | | |
| ၁၁း၂၅ | Food & De'cor | ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ဂန္ထဝင်ကုန်သည်"<br>(အပိုင်း-၄၆) |
| ၁၁း၅၅ | MRTV-4 Stage | | |
| ၁၂း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ဂန္ထဝင်ကုန်သည်"<br>(အပိုင်း-၄၅) | ၁၀း၀၀ | "သင်္ကြန်ပြတိုက်"<br>ရုပ်ရှင်ဇာတ်ကားကြီး<br>အကြိုစကားဝိုင်း |
| ၂း၂၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ<br>"မေတ္တာအသည်းမြွာ"<br>(အပိုင်း-၅၁) | ၁၀း၃၅ | အနုပညာမိုးကောင်းကင် |
| | | ၁၀း၅၅ | MRTV-4 Stage |
| ၄း၁၀ | Cartoon Series<br>(Go Go Giggles) | ၁၁း၁၀ | World of Knowledge<br>(Alaska State Troopers : Armed and Dangerous) |
| ၄း၃၅ | MPT ရှမ်းပြည်နယ် | | |

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၆း၂၀ | မေတ္တာပို့ | ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၂၅ | ဓမ္မပူဇာတေး | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- အယ်ဒါနာ အပိုင်း(၁၂) |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | | |
| ၆း၄၅ | မျိုးချစ်တပ်မတော် | ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် | ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ | ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ | ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ရွှေရောင်သက်တံများ<br>အပိုင်း(၄၄) |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ | | |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | | |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း<br>-အမျိုးသားရေးတေးကဗျာ<br>-ဒို့တာဝန်အရေး(၃)ပါး<br>-နိုင်ငံတကာသတင်း<br>-မိုးလေဝသသတင်း<br>-ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ<br>ယနေ့ညအတွက်မြဝတီ၏<br>တေးလက်ဆောင်<br>ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- အရိပ်လေး အပိုင်း(၉) |
| ၈း၅၅ | လျှပ်တစ်ပြက် | | |
| ၁၁း၅၉ | အပိတ်နှုတ်ဆက်စကား | | |
| ၄း၀၀ | မြဝတီအဖွင့် | | |
| ၄း၀၂ | နိုင်ငံတော်သီချင်း | | |
| ၄း၀၃ | အဖွင့်သီချင်း | | |
| ၄း၀၈ | မျိုးချစ်တပ်မတော် | | |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ | | |
| ၄း၄၀ | ဇာတ်လမ်းတို | | |
| ၄း၅၀ | မွေးမြူသုတ | | |

### mitv

| | |
|---|---|
| 07:26 | Discovering Tribes "Lisu: Their Life and Customs (Part- II)" |
| 07:49 | Culture Shows: Theatrical Art |
| 08:26 | Changes |
| 08:41 | Ywar Thit's Monhinkhar |
| 09:26 | Products Of Myanmar - Seashells Products |
| 09:47 | Beauties Of Makyee Island - Island Of Tamarind Tree |
| 10:26 | Reviving and Promoting a Traditional Festival |
| 07:26 | The Most Prominent Resort And Residence - Ngapali |
| 07:51 | Kayah Style |
| 08:26 | Pride of Myanmar - Bagan arts and handicrafts |
| 08:41 | Tea |
| 08:48 | Horse Cart Driver |

# ဂျာမနီ၊ ပေါ်တူဂီ၊ ပြင်သစ်နဲ့နယ်သာလန်တို့ အင်အားကြီးပြိုင်ဘက်တွေကို အနိုင်ကစားခဲ့တဲ့ ဥရောပခြေစမ်းပွဲများ

***မတ် ၃၀ ရက် မနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နိုင်ငံတကာခြေစမ်းပွဲ ပွဲစဉ်တွေထဲမှာ ဥရောပအင်အားကြီးအသင်းတွေအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်တွေ ပါဝင်နေပြီး အဲဒီထဲကမှ ဂျာမနီက အီတလီ၊ ပေါ်တူဂီက ဘယ်လ်ဂျီယံ၊ ပြင်သစ်က ရုရှား၊ နယ်သာလန်က အင်္ဂလန်ကို အသီးသီးအနိုင်ယူခဲ့တာကို တွေ့ခဲ့ရပါတယ်။***



အင်္ဂလန်-နယ်သာလန်

**အင်္ဂလန်-နယ်သာလန်**

အင်္ဂလန်နဲ့ နယ်သာလန်တို့ တွေ့ဆုံခဲ့တဲ့ ပွဲစဉ်မှာတော့ အင်္ဂလန်အသင်းဟာ ဝင်ဘလေကွင်းမှာပဲ နယ်သာလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့လို့ ၁၇ ပွဲဆက်ရှုံးပွဲမရှိ စံချိန်ကျိုးပျက်သွားခဲ့သလို ပြင်သစ်၊ ဂျာမနီတို့ကို အနိုင်ယူပြနိုင်ပြီးနောက် အင်္ဂလန်အသင်းအနေနဲ့ ယူရို-၂၀၁၆မှာ ဗိုလ်စွဲတော့မယ့်အလားအလွန်အမင်းချီးမွမ်းခန်းဖွင့်ရေးသားနေတဲ့ အင်္ဂလန်မီဒီယာတွေလည်း တဒင်္ဂတော့ နှုတ်ဆိတ်သွားမှာပဲဖြစ်ပါတယ်။ အင်္ဂလန်ဟာ နယ်သာလန်အသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးဖန်တီးမှုအသာပြုလုပ်နိုင်ခဲ့ပေမယ့် ဒီပွဲမှာ အဆုံးအဖြတ်ပေးသွားတာကတော့ ခံစစ်ဇုန်ကို တည်တည်ငြိမ်ငြိမ်ပြင်ဆင်ထားနိုင်တဲ့ နယ်သာလန်က အသာရသွားတယ်လို့ ယူဆရမှာဖြစ်ပါတယ်။

ဒီပွဲစဉ်မှာ အင်္ဂလန်တိုက်စစ်မှူး ဂျေမီဗာဒီရဲ့ အရည်အသွေးတွေကဒဏ်ရာကြောင့် အင်္ဂလန်အသင်းရဲ့ ခြေစမ်းပွဲတွေကို လွဲချော်နေတဲ့ အသင်းခေါင်းဆောင်ရွန်းနီကို လုံးဝမေ့ထားလို့ရအောင် ကောင်းခဲ့တာကိုတော့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ အဖွင့်ဂိုးကို ပွဲချိန် ၄၁ မိနစ်မှာပဲ အင်္ဂလန်တိုက်စစ်မှူးဗာဒီက သွင်းယူခဲ့ပေမယ့် ရလဒ်ပိုင်းအလှည့်အပြောင်းဖြစ်ခဲ့တာက အင်္ဂလန်နောက်ခံလူ ဒန်နီရိုဇ်ရဲ့ လက်ထိဘောကြောင့် နယ်သာလန်အသင်းကို ပင်နယ်တီပေးခဲ့ရတဲ့ဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ ဒီပင်နယ်တီပြစ်ဒဏ်ကို ဂျန်ဆန်က ချေပဂိုးအဖြစ် ပြောင်းလဲပေးခဲ့ပြီးနောက် အင်္ဂလန်အသင်းက နိုင်ပွဲဆက်ဖို့ တရစပ်ထိုးဖောက်မှုတွေ ပြုလုပ်ခဲ့ပေမယ့် နယ်သာလန်မှ ဂျက်ကီယာကာရဲ့ ဖြတ်တင်ဘောကို နာဆင်းကအပိုင်ပိုင်သွင်းသွားခဲ့လို့ အင်္ဂလန်အနေနဲ့ ဝင်ဘလေကွင်းမှာပဲ ရှုံးပွဲတွေ့ခဲ့ရတာဖြစ်ပါတယ်။

**ပြင်သစ်-ရုရှား**

ယူရို-၂၀၁၆ အိမ်ရှင်ပြင်သစ်နဲ့ ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားတဲ့ ရုရှားအသင်းတို့ တွေ့ဆုံခဲ့တဲ့ ပွဲစဉ်မှာတော့ ပြင်သစ်က လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပြင်သစ်အတွက် သွင်းဂိုးတွေကို ကန်တီ၊ ဂင်းနက်၊ ပါယက်နဲ့ ကိုးမန်းတို့က သွင်းယူပေးခဲ့ပြီး ရုရှားအတွက်တော့ ကိုကိုရင်နဲ့ ရှက်ဗ်ကော့ဗ်တို့က ချေပဂိုးတွေသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာ ထူးထူးခြားခြားဘာမှပြောစရာမရှိပေမယ့် ဂိုးပေါက်ခြိမ်းခြောက်မှုသုံးကြိမ်ပဲ ပြုလုပ်နိုင်ခဲ့တဲ့ ရုရှားအသင်းကို ပေးဂိုးနှစ်ဂိုးတောင်ပေးခဲ့ရတဲ့ ပြင်သစ်အသင်းအနေနဲ့


ပြင်သစ်-ရုရှား

ဒီထက်ပိုပြီး ကျစ်လျစ်တဲ့ခံစစ်ကိုတည်ဆောက်ဖို့ ကြိုးပမ်းရတော့မယ်ဆိုတာ နည်းပြဒက်စ်ချမ့်စ်ကို သတိပေးလိုက်တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့မှာတော့ သေချာလို့နေပါတယ်။

**ဂျာမနီ-အီတလီ**

ဂျာမနီအသင်းနဲ့ အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲမှာတော့ ဂျာမနီဟာ လွန်ခဲ့တဲ့နှစ်ရက်က အင်္ဂလန်ကို ရှုံးနိမ့်ခဲ့တာကို ပြန်ပြီးပေါက်ကွဲပြသလားထင်ရလောက်အောင် ပွဲအစအဆုံး ကစားအားလုံးဝမချဘဲ ကစားခဲ့ကာ လေးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား အနိုင်ယူပြလိုက်ပါတယ်။ အခုနိုင်ပွဲက ဂျာမနီအနေနဲ့ အီတလီကို နှစ်ပေါင်း ၂၁ နှစ်အတွင်း ပထမဦးဆုံး ပြန်လည်အနိုင်ယူနိုင်ခဲ့တဲ့ပွဲစဉ်လည်း ဖြစ်ခဲ့ပါတယ်။ ဂျာမနီက အီတလီနဲ့ဆုံတိုင်း ရလဒ်ကောင်းလေ့မရှိခဲ့ဘဲ ၂၀၀၆ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲမှာ နှစ်ဂိုး-ဂိုးမရှိ၊ ယူရို-၂၀၁၂ အကြိုဗိုလ်လုပွဲမှာလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ အစဉ်အလာရှိခဲ့ပါတယ်။ ဒါပေမယ့် အခုပွဲစဉ်မှာတော့ ဂျာမနီအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၄ မိနစ်မှာ တိုနီခရူးစ်က သွင်းယူခဲ့ပြီးနောက် ဂေါ့ဇီ၊ ဟက်ခ်တာ၊ အိုဇေးလ်တို့က ဂိုးတွေဆက်တိုက်ခံသွင်းယူခဲ့ကာ အီတလီအတွက် တစ်လုံးတည်းသောနှစ်သိမ့်ချေပဂိုးကို အယ်ရှာရာဝီက ပွဲကစားချိန် ၈၃ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ပေါ်တူဂီ-ဘယ်လ်ဂျီယံ**

ဒီပွဲစဉ်ကတော့ ဘယ်လ်ဂျီယံအသင်းအတွက် ဘရပ်ဆဲလ်တိုက်ခိုက်မှုကြောင့် ဖြစ်လာတဲ့နောက်ဆက်တွဲဆိုးကျိုးလားလို့ မေးရလောက်အောင် ဘောလုံးပိုင်ဆိုင်မှု ၆၂ ရာခိုင်နှုန်းအထိတောင်ရှိခဲ့ပေမယ့် ဂိုးဖန်တီးမှုနဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေမှာ ပေါ်တူဂီအသင်းကို မမီခဲ့တာကတော့ ဆိုးရွားလွန်းပါတယ်။ ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုအတွက်တော့ နိုင်ငံတကာပွဲလေးပွဲဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ပေါ်တူဂီအတွက် သွင်းဂိုးတွေကို နာနီနဲ့ စီရိုနယ်လ်ဒိုတို့က သွင်းယူပေးခဲ့ပြီး ဘယ်လ်ဂျီယံအတွက် ချေပဂိုးကိုတော့ လူကာကူ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။


ပေါ်တူဂီ-ဘယ်လ်ဂျီယံ

မေ လှဲ့ သင်း - စု စည်း ရေး သား သည်

# အနံဖီးလ်မှာရလဒ်ကောင်းဖို့ခက်ခဲနိုင်တဲ့စပါး

## ပရီမီယာလိဂ်ရင်ခုန်သံ-၃၂

ရှိုင်းမင်းမင်း

***ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို လာမယ့် ဧပြီ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ လီဗာပူးနဲ့ စပါး၊ မန်ယူနဲ့ အဲဗာတန်တို့ဆုံတွေ့တဲ့ ပွဲကောင်းတွေပါဝင်နေပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာကောင်းနေပါတယ်။***

**ဗီလာ - ချယ်လ်ဆီး** ည ၆း၁၅ (၂-၄-၁၆)

အက်စ်တွန်ဗီလာဟာ တန်းမဆင်းရဖို့အတွက် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းကအားနည်းမှုတွေများလွန်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကအားနည်းနေတာကြောင့် ချယ်လ်ဆီးရဲ့ဖိအားပေးမှုကို တောင့်ခံနိုင်ဖို့ဆိုတာခက်ခဲလွန်းနေပါတယ်။ ချန်ပီယံလိဂ်ကနေထွက်ခဲ့ရပြီဖြစ်တဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ပြိုင်ပွဲအပေါ်မှာသာ အားစိုက်ကစားလာဖို့ရှိနေသလို လက်ရှိအမှတ်ရရှိမှုအနေအထားအရလည်း ဥရောပဝင်ခွင့်အနည်းငယ်မျှော်လင့်နိုင်သေးတာကြောင့် ချယ်လ်ဆီးတို့ အနိုင်ပြန်ရရေး အားစိုက်လာမှာသေချာနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် နှစ်ပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့မှုကို ချယ်လ်ဆီးရပ်တန့်နိုင်မှာပါ။

**ဝက်စ်ဟမ်း - ပဲလေ့စ်** ည ၈း၃၀ (၂-၄-၁၆)

ဝက်စ်ဟမ်းဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်လောက်တဲ့အထိ အခွင့်အရေးရှိလာတာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းရဲ့လက်ရှိခြေစွမ်းကလည်း ကောင်းမွန်မှုရှိနေသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရရှိနေတာကြောင့် လက်ရှိခြေပျက်နေတဲ့ ပဲလေ့စ်ကို ဖိအားပေးကစားသွားနိုင်မှာသေချာနေပါတယ်။ ဝက်စ်ဟမ်းပဲ အနိုင်ရသွားမှာပါ။

**ဘုန်းမောက် - မန်စီးတီး** ည ၈း၃၀ (၂-၄-၁၆)

မန်စီးတီးဟာ မန်ယူကိုရှုံးနိမ့်ခဲ့ရမှုနဲ့အတူ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက်တောင်သေချာမှုမရှိတော့ပါဘူး။ ဒါကြောင့် မန်စီးတီးအနေနဲ့ နိုင်ပွဲပြန်ရရေးအပြင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပါ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘုန်းမောက်ကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလိုခြေစွမ်းလည်းကောင်းမွန်နေကာ အိမ်ကွင်းဖြစ်တယ်။ မန်စီးတီးကပ်ပြီးသာနိုင်မယ်။

**နော့ဝှစ်ချ် - ကာဆယ်** ည ၈း၃၀ (၂-၄-၁၆)

တန်းဆင်းဇုန်တိုက်ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ ကာဆယ်ဟာ မန်နေဂျာအပြောင်းအလဲလုပ်ပြီးတဲ့နောက်ပိုင်း နိုင်ပွဲမရသေးပါဘူး။ ကစားပုံကောင်းလာပေမယ့် တိုက်စစ်က အဆုံးသတ်မသေချာတာကို တွေ့ရပါတယ်။ နော့ဝှစ်ချ်ကလည်း အိမ်ကွင်းခြေကောင်းလို့ ကာဆယ် သရေလောက်ပဲရမယ်။

**စတုတ် - ဆွမ်ဆီး** ည ၈း၃၀ (၂-၄-၁၆)

လက်ရှိအမှတ်ရရှိထားတဲ့အခြေအနေအရ စတုတ်ဟာဥရောပဝင်ခွင့်ရယူနိုင်လောက်တဲ့အထိအခွင့်အရေးရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆွမ်ဆီးကလည်း တန်းဆင်းဇုန်ထဲကအသင်းတွေနဲ့ အမှတ်ကွာဟမှုသိပ်မရှိတာကြောင့် နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာဖြစ်သလို ခြေကလည်းကောင်းမွန်နေပါတယ်။ တိုက်စစ်ကဂိုးသွင်းခြေမငြိမ်ပေမယ့် ဆွမ်ဆီးသရေလောက်ရမယ်။

**အာဆင်နယ် - ဝက်ဖို့ဒ်** ည ၈း၃၀ (၂-၄-၁၆)

အာဆင်နယ်ဟာ ချန်ပီယံဖြစ်နိုင်ဖို့အလှမ်းဝေးလာတဲ့အပြင် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့တောင်မှ သေချာမှုမရှိတော့တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် အာဆင်နယ်ရဲ့လက်ရှိခြေက အကောင်းဆုံးပုံစံမှာမရှိပါဘူး။ အဲဗာတန်ကို အနိုင်ရခဲ့ပေမယ့်လည်း အာဆင်နယ်ခြေက သာမန်သာရှိခဲ့ပါတယ်။ ဒီပွဲမှာလည်း အာဆင်နယ်တို့ အိမ်ကွင်းအားနဲ့ ဖိအားပေးနိုင်ဖို့ရှုန်းကန်လာမှာဖြစ်ပေမယ့် ဝက်ဖို့ဒ်ရဲ့ခံကစားကြောင့် အခက်တွေ့နိုင်ပါတယ်။ အာဆင်နယ် ကပ်ပြီးသာနိုင်မယ်။

**ဆန်းဒါးလန်း - ဝက်စ်ဘရွမ်း** ည ၈း၃၀ (၂-၄-၁၆)

ဆန်းဒါးလန်းဟာ တန်းမဆင်းရဖို့အတွက် နယူးကာဆယ်၊ နော့ဝှစ်ချ်တို့နဲ့ အားပြိုင်နေရတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်းကောင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာအရှုံးတစ်ပွဲသာရှိခဲ့တာကိုကြည့်ရင် ဆန်းဒါးလန်းဟာ အမှတ်ရရှိအောင် ကစားနေနိုင်တာကို တွေ့ရပါတယ်။ ဝက်စ်ဘရွမ်းကတော့ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့် တင်းခံကစားနိုင်လောက်တဲ့ မျှော်လင့်ချက်မျိုးမရှိပါဘူး။ ဆန်းဒါးလန်းရဲ့ အိမ်ကွင်းလည်းဖြစ်လို့ ဆန်းဒါးလန်းကပ်နိုင်မယ်။

**လီဗာပူး - စပါး** ည ၁၁း၀၀ (၂-၄-၁၆)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ စပါးဟာလက်စတာကို ဖိအားပေးနိုင်ဖို့အတွက် နောက်ပိုင်းပွဲတွေမှာ အမှားမခံစတမ်း ယှဉ်ပြိုင်ကစားနေပါတယ်။ ဟယ်ရီကိန်း၊ အလီ၊ ဆွန်ဟောင်မင်၊ အဲရစ်ဆင်၊ လာမယ်လာတို့လို အဓိကကစားသမားတွေလည်း ခြေစွမ်းပြနိုင်နေတာကြောင့် အသင်းလိုက်ကစားပုံလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် လီဗာပူးကလည်း လက်ရှိအချိန်မှာ အသင်းလိုက်ခြေစွမ်းကောင်းမွန်နေသလို ကော်တင်ညိုခြေစွမ်းပြနေလို့လည်း တိုက်စစ်ကထက်မြက်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် လီဗာပူးကို အသာရဖို့ဆိုတာ စပါးအတွက် ခက်ခဲနေပြီး သရေလောက်ပဲရမယ်။

**လက်စတာ - ဆောက်သမ်တန်** ည ၇း၀၀ (၃-၄-၁၆)

စပါးရဲ့ဖိအားပေးနေမှုကြောင့် လက်စတာဟာ ချန်ပီယံဖြစ်ခွင့်အတွက် အမှားခံလို့မရတဲ့အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် လက်စတာဟာ ပွဲတိုင်းကို အားစိုက်ကစားနေပေမယ့် ခြေကအနည်းငယ်ကျဆင်းလာပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေကျလာပါတယ်။ ဆောက်သမ်တန်ကလည်း ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ လက်ရှိဆောက်သမ်တန်ခြေကလည်း ကောင်းမွန်နေတာကြောင့် လက်စတာတို့ အခက်တွေ့နိုင်ပါတယ်။ လက်စတာနိုင်ပွဲရပ်သွားနိုင်ပါတယ်။

**မန်ယူ - အဲဗာတန်** ည ၉း၃၀ (၃-၄-၁၆)

မန်ယူဟာမန်စီးတီးကို အနိုင်ရရှိခဲ့မှုနဲ့အတူ ထိပ်ဆုံးလေးသင်းစာရင်းဝင်နိုင်ရေး မျှော်လင့်ချက်ပြန်ရှိလာပါတယ်။ ဒါကြောင့် မန်ယူအနေနဲ့ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် မန်ယူရဲ့ခြေက အကောင်းဆုံးပုံစံမှာမရှိပါဘူး။ အဲဗာတန်ကတော့ အာဆင်နယ်ကို အရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရရေး အားစိုက်ကစားလာမှာပါ။ မန်ယူအိမ်ကွင်းဖြစ်ပေမယ့် နိုင်ရင်တောင်ပြတ်သားဖို့ခက်ပါတယ်။

ပြည်တွင်းရေးရာ

# သင်္ကြန်ကာလ မတိုင်ခင်နှင့် သင်္ကြန်ရက်များအတွင်း ဆိုင်ကယ်အိပ်ဇောဖြုတ်စီးသူများကို မလှိုင်မြို့နယ်၌ အရေးယူမည်

**မလှိုင် မတ် ၃၀**

မော်တော်ဆိုင်ကယ် စီးသူများအနေဖြင့် သင်္ကြန်ပွဲတော်ကာလမတိုင်ခင်နှင့် သင်္ကြန်ရက်များအတွင်း အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသည့် အိပ်ဇောဖြုတ်စီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မလိုက်နာခြင်းများကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းပွဲကို မတ် ၂၆ ရက်က မလှိုင်မြို့၊ မြို့မရဲစခန်းအတွင်းရှိ စည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပေးရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မိုးက သင်္ကြန်ပွဲတော်ကာလမတိုင်ခင်နှင့် သင်္ကြန်ပွဲတော်ကျင်းပနေစဉ်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်း၊ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေသည့် အိပ်ဇောဖြုတ်စီးခြင်းများကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ကွက်အတွင်း ကျန်ရှိနေသူများ သိရှိစေရန် ဖြည့်စွက်ပြောကြားစေလိုကြောင်း၊ ဆိုင်ကယ်ဝပ်ရှော့ ဆရာများအနေဖြင့် သင်္ကြန်ကာလတွင် အသံဆူညံစေရန် တမင်အိပ်ဇောဖြုတ်ပေးခြင်းမျိုးကို မပြုလုပ်ရန် အသိပေးပြောကြားလိုကြောင်း၊ ဧပြီ ၁ ရက်မှစတင်၍ ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ မော်တော်ယာဉ် ဥပဒေသည် ငွေဒဏ်နှင့်အတူ ထောင်ဒဏ်ပါရှိကြောင်း၊ ဆက်စပ်အရေးယူမှုများလည်းရှိကြောင်း၊ သို့ပါ၍ အသိပေး ရှင်းလင်းဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဝပ်ရှော့ဆရာများက သိလိုသည်များကို မေးမြန်း၍ဆွေးနွေးခဲ့ရာ ရဲမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ မြို့မရဲစခန်းမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဆိုင်ကယ်ဝပ်ရှော့ပိုင်ရှင်များ၊ သတင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ရွှေစာရံဘုရားပွဲတွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိရာ ငှက်လှေအငှားလိုက်သူများအဆင်ပြေ

**ပုသိမ်ကြီး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးတွင် တည်ရှိသော သမိုင်းဝင် ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။



"ကျွန်တော်က ဒီရွှေစာရံဘုရားပွဲတော်ရက်ဆို နှစ်တိုင်းလာပြီး ငှက်လှေအငှား လိုက်တာပါ။ ဘုရားဖူးတွေကို နားငှေ့ောင်းကျချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ နားငှေ့ောင်းကျစေတီကို ငှက်လှေနဲ့လိုက်ပို့ပေးတာပါ။ လူတစ်ဦးကို ငါးရာကျပ်နဲ့လိုက်ပို့တာပါ။ လှေအပြတ်ငှားလို့လည်း ရပါတယ်။ လေးထောင်ကျပ်ပါ။ အသွားအပြန်ဆို ရှစ်ထောင်ပေါ့။ အရင်က လှော်တက်နဲ့ လှော်ပြီးပို့တာပါ။ ခုမှ စက်တပ်ပြီးမောင်းပို့တာ ခြောက်နှစ်လောက်ရှိပါသေးတယ်။ ဒီမှာက အငှားလိုက်တဲ့လှေ အစီး ၆၀ ကျော်လောက်ရှိပါတယ်။ ဘုရားဖူးလာတာများတော့ အဆင်ပြေပါတယ်။ ဆီတစ်ဘူးကို လေးခေါက်လောက်ပို့လို့ရတယ်လေ။ လပြည့်နေ့ကဆို ရှစ်သောင်းလောက်ကျန်ပါတယ်။ ကြားရက်ကတော့ နှစ်သောင်း၊ သုံးသောင်းလောက်ပဲကျန်ပါတယ်။ ကျွန်တော်က ဦးပိန်တံတားဖက်မှာ အငှားလိုက်တာပါ၊ ပွဲတော်ရက်မို့ ဒီမှာလာပြီး အငှားလိုက်တာပါ။ လေလံကြေးက ပွဲတော်ရက်အစအဆုံး သုံးသောင်းခွဲပေးရပါတယ်။ ငှက်လှေစီးသူများတော့ အဆင်ပြေပါတယ်။ ပွဲတော်ရက်ပြီးရင် တောင်သမန်အင်းဖက်ပြန်မှာပါ" ဟု ငှက်လှေအငှားလိုက်သူ ဦးအောင်ဆန်းဝင်းက ပြောသည်။

သစ္စာဓိဋ္ဌာန်ရွှေစာရံစေတီတော်ကြီးကို ပုဂံပြည့်ရှင် အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သူ ရှမ်းမင်းသမီး စောမွန်လှက တည်ထားခဲ့ကြောင်း မှတ်တမ်းများအရသိရပြီး ရှမ်းလူမျိုးများလာရောက်မှုများပြားသလို ရှမ်းပြည်နယ် ဒေသထွက်ကုန်ပစ္စည်းများရောင်းချလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်တွင် ကျေးလက်အိမ်ရာများလွှဲပြောင်းပေးအပ်

**ပေါက်ခေါင်း မတ် ၃၀**

(၇၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပေါက်ခေါင်းမြို့နယ် ဗောဓိကုန်းကျေးရွာအုပ်စု ဒန်းဒေါင့်ကျေးရွာတွင် အောင်ခေတ္တရာကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်ခဲ့သော ကျေးလက်အိမ်ရာများအား ပြည်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျေးလက်အိမ်ရာရှေ့မှခ်ဦးဆိုင်းဘုတ်၌ မတ် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးသက်မင်းဇော်၊ ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်လူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ အောင်ခေတ္တရာကုမ္ပဏီမှ ဒါရိုက်တာ ဦးခင်ဇော်သောင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က အိမ်ရာများကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက ကျေးရွာပြည်သူများထံ ကျေးလက်အိမ်ရာများ လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ရန်ပုံငွေဖြင့် အရှေ့ကြို့ကုန်းအုပ်စု ကျေးရွာများ၌ ကျေးလက်အိမ်ရာငါးလုံးနှင့် ယခု ဗောဓိကုန်းအုပ်စု ဒန်းဒေါင့်ကျေးရွာ၌ ကျေးလက်အိမ်ရာငါးလုံး စုစုပေါင်း ကျေးလက်အိမ်ရာ ဆယ်လုံးကို ကျေးရွာနေပြည်သူများထံသို့ စနစ်တကျလွှဲပြောင်းအပ်နှံပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

FAME Mangosteen
Natural antibiotics
မင်းကွတ်သီးဆေး
TMR 013084 (0118)
၂/၂၀၁၅ တဆထလ (တိုး) ၁၆၅၇
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Resveratrol
Cellular Energy Booster
စပျစ်သီးဆေး
TMR 013019 (0118)
၂/၂၀၁၅ တဆထလ (တိုး) ၁၆၅၇
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## အောင်ပင်လယ်စာသင်တိုက် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၂)ဝိုင်း၊ အောင်ပင်လယ်စာသင်တိုက်တွင် ၁၂-၄-၂၀၁၆ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ဘုရားဟော ဗုဒ္ဓဒေသနာတော်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တစန္ဒသိရီ "ကမ္မဋ္ဌာနာစရိယ"မှ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းပွဲဝင်မည့် ယောဂီများသည် ၁၁-၄-၂၀၁၆ရက်၊ ညနေ ၄နာရီမှ ၆နာရီအတွင်း ရိပ်သာသို့ လာရောက်ကြရန်နှင့် တရားစခန်းပွဲဝင်လိုသော ယောဂီများလည်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၇၃၀၂၃၁၀၈၊ ၀၉-၄၂၅၀၀၈၄၄၆**

## ထောက်ကြန့်၊ ပုပ္ပါးကျောင်း သင်္ကြန်တွင်း တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ပုပ္ပါးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင် ဝတ်ပွဲများကို(၁၃၇၇ခုနှစ်၊ တန်ခူးလဆန်း ၄ရက်မှ ၁၁ရက်အထိ) ဧပြီလ၁၁ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ တန်ခူးလဆန်း ၄ရက်၊ မွန်းတည့် ၁၂နာရီ အရောက်လာရမည်။ တရားစခန်းတွင် ဒုလ္လဘရဟန်း တစ်ပါးလျှင် (၅၀၀၀)ကျပ်၊ အရုဏ်ဆွမ်းတစ်ရက် (၂၀၀၀၀)ကျပ်၊ နေ့ဆွမ်း တစ်ရက်(၃၀၀၀၀)ကျပ်၊ အချိုပွဲတစ်ရက်(၁၀၀၀၀)ကျပ်ဖြင့် ဖုန်း ၀၁-၉၄၃၇၀၂၈၊ ၀၉-၄၂၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## "ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ယာ၊ အခန်း(၀၀၅)၊ တိုက်(၃) နေ ဦးသန်းထွန်းအောင် (၁၂/ကမရ(နိုင်) ၀၀၃၅၉၉) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာအပ်ပါသည်။

စာချုပ်မှတ်ပုံတင်အမှတ် (၄/၂၈၆၃/၂၀၁၆)

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ပါကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမှပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်အမှတ် (၄/၂၈၆၃/၂၀၁၆) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ဖော်ပြပါကုန်အမှတ်တံဆိပ် အအေးမျိုးစုံအပါအဝင် စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချဖြန့်ဖြူးလျက်ရှိပါသည်။ ဖော်ပြပါအမည်အမှတ်အသားဖြင့် ရန်ကုန်မြို့အတွင်း ဆိုင်ခွဲများဖွင့်လှစ်၍ရောင်းချရာတွင် ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုအရည်အသွေးပြည့်ဝသန့်ရှင်းလတ်ဆတ်မှုများကြောင့် အများပြည်သူတို့၏ လက်ခံအားပေးမှုကိုရရှိနေပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ပုံတူပုံမှားထင်ယောင် ထင်မှားဖြစ်စေရန် တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မှီငြမ်းအသုံးပြုခြင်း ဆင်တူယိုးမှားတုပလုပ်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ကြောင်းတွေ့ရှိရပါက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင် မဆိုတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်သိမ်း (မအူပင်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၉၁)
အမှတ်(၁၀/၁၂)၊(ပ)ထပ်၊ အခန်း (H)၊၃၅-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။




## ဦးမောင်ကို(ခ)ဟာရွှန် [၁၂/တမန(နိုင်)၀၉၁၉၁၅]နှင့် အများပြည်သူသိသာရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ အမှတ်-၁၄၁/၁၄၃၊ ၃-လွှာနေ ကျွန်မ မဇာခြည်ဦး(ခ)ဟာစီနာ [၁၂/တမန(နိုင်)၀၉၄၉၁၃] မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မသည် ၁၉၉၄ ခုနှစ်က ဦးမောင်ကို(ခ)ဟာရွှန်နှင့် နှစ်ဦးသဘောတူ အစ္စလာမ်ဥပဒေနှင့်အညီ နေကာဟ်ပြုလုပ်ခဲ့ကြပါသည်။ နေကာဟ်ပြုပြီးနောက် ကျွန်မတို့နှစ်ဦးပိုင်နေအိမ်တွင် နေထိုင်ခဲ့ကြပါသည်။ အိမ်ထောင်သက်တမ်းအတွင်း ဦးမောင်ကို(ခ)ဟာရွှန် မှ ပြည့်စုံအောင်ရှာဖွေကျွေးမွေးခြင်းမရှိပါ။ ကျွန်မမှ ၎င်း၏အကြွေးများကိုအမြဲတစေ ပေးဆပ်ခဲ့ရပါသည်။ ဦးမောင်ကို(ခ)ဟာရွှန်မှ ကျွန်မအား အစဉ်အမြဲ "အိမ်မှမနေချင် ဆင်းသွား"ဆိုပြီး အိမ်မှ အကြိမ်ကြိမ်နှင်ချခဲ့ပါသည်။ ကျွန်မမှာ သားသမီးများမျက်နှာနှင့် သည်းခံနေထိုင်ခဲ့ပါသည်။ သို့သော်လည်း နောက်ဆုံး ၂၀၁၅ခုနှစ် ၇ လပိုင်းခန့်တွင် လင်မယား စကားများရာမှ ကျွန်မသည် ကလေးများနှင့်အတူ နေအိမ်မှဆင်း၍ အထက်ပါနေအိမ်တွင် အိမ်ငှားဘဝဖြင့် ပင်ပန်းစွာရှာဖွေစားသောက်နေထိုင်ခဲ့ရပါသည်။ ဤသို့နေထိုင်ခဲ့သည်မှာ (၈)လခန့်ပင်ရှိပြီဖြစ်ပါသည်။ ယခုအခါလည်း ဥပဒေအရ ကွာရှင်းရန် ဆောင်ရွက်နေပြီဖြစ်သည်။

ယခုအခါ ဦးမောင်ကို(ခ)ဟာရွှန်မှ ကျွန်မ၏ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေး ကိုယ်တာကိစ္စများ ဂုဏ်သိက္ခာကျဆင်းစေရန် နှောင့်ယှက်မှုများပြုလုပ်လာပါသဖြင့် ဤကဲ့သို့ မပြုလုပ်ရန် သတိပေးကြောင်းနှင့် ယခု ဦးမောင်ကို(ခ)ဟာရွှန်နေထိုင်သော အမှတ်(၅၀)၊ ၁၅၅ လမ်း၊ က/ဂ ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေနှင့်တိုက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့်လက်ခံသူတို့၏ တာဝန်သာဖြစ်ပြီး ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဟာစီနာဘီ(ခ)မဇာခြည်ဦး [၁၂/တမန(နိုင်)၀၉၄၉၁၃]**

## စေတုတ္တရာမြို့တွင် ကြက်ခြေနီသင်တန်းဖွင့်လှစ်

**စေတုတ္တရာ မတ် ၃၀**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင် မတ် ၂၈ ရက် နံနက် ၈ နာရီက ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ချိုချိုဝင်းက ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ကြက်ခြေနီအသင်း ဦးစီးပထမတန်း ဦးကျော်နိုင်ဦးက ကြက်ခြေနီအသင်းဖြစ်ပေါ်လာပုံသမိုင်းကြောင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စေတုတ္တရာမြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးအား မတ် ၂၈ ရက်မှ ၃၁ ရက်ထိ လေးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

## မြေအောက်ရေ ၂၈ ပေ အထိ ကျဆင်းသွားသောကျေးရွာများ၌ တွင်းနက်စုပ်ပန့်များ တပ်ဆင်ပေးမှုကြောင့် သောက်သုံးရေ ဖူလုံ

**ကျောင်းကုန်း မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ပိုင်အိမ်သုံးလက်နှိပ်တုံကင်များသည် မြေအောက်ရေ ၂၈ ပေ အထိ ကျဆင်းသွားသဖြင့် ရေထွက်ရှိမှုမရှိဘဲ ရေအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေအခက်အခဲဖြစ်ပေါ်နေသော လက်ပန်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲလေးရွာတွင် ပုသိမ်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ နှစ်လက်မလက်ရိုက်တွင်းငါးတွင်း တူးဖော်၍ ရေပေးဝေသော တွင်းနက်များကို စုပ်နိုင်သည့် Tara. Pump လက်နှိပ်တုံကင်ငါးလုံးအား မတ်လအတွင်း တပ်ဆင်ပေးသဖြင့် အိမ်ထောင်စု ၂၃၉ စု လူဦးရေ ၇၁၅ ဦးအတွက် သောက်သုံးရေ ဖူလုံစွာရရှိနေပြီ ဖြစ်သည်။

"Tara. Pump မတပ်ဆင်မီက ကျေးရွာများတွင် ရေအခက်အခဲဖြစ်ပေါ်နေပြီး ရေရရှိရေးအတွက် လေမှုတ်စက်များ ငှားရမ်းမောင်းနှင်၍ ရေတင်နေရသဖြင့် စက်သုံးဆီကုန်ကျမှု၊ စက်ငှားခကုန်ကျမှုများ ရှိခဲ့ကြောင်း၊ ယခုအခါ အဆိုပါကုန်ကျစရိတ်များ မရှိတော့သဖြင့် ကျေးရွာလူထုမှ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း ဒေသခံတစ်ဦးကပြောသည်။

**ဝင်းကြိုင်(ကျောင်းကုန်း)**

## ကိုးတန်ချောင်းတံတားအသစ် တည်ဆောက်ပြီးစီး၍ မော်လိုက်-ခန္တီးလမ်း ရာသီမရွေးသွားလာနိုင်

**မော်လိုက် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၄၄/၇-၄၅/၀) တွင် ကိုးတန်ချောင်းကူးတံတားအသစ် တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများ ရာသီမရွေး စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုးတန်ချောင်းကူးတံတားက သက္ကယ်ကျင်း-ခန္တီးလမ်းပေါ်မှာ အဓိကကျတဲ့တံတားတစ်စင်းပါ။ မိုးတွင်းမှာ ဒီချောင်းက ရေစီးသန်တော့ ချောင်းရေကြောင့် ယခင်က ဒီကိုးတန်ချောင်းကို ကူးထားတဲ့ တံတားဟောင်းလေးက ရေစီးနဲ့အတူ ပျက်စီးသွားခဲ့တယ်။ ဒီလမ်းကနေ သွားလာနေတဲ့ ပြည်သူတွေအတွက် မိုးတွင်းဆို ကိုးတန်ချောင်းက သဘာဝကပေးထားတဲ့ အတားအဆီးတစ်ခုလိုဖြစ်နေတော့ ရေစီးသန်တဲ့ဒီချောင်းမှာ လှေတို့ ဝါးဖောင်တို့နဲ့ အန္တရာယ်ကြီးစွာဖြင့် ခက်ခဲစွာဖြတ်ကူးရတယ်။

ဒါကြောင့် ဒီချောင်းမှာ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်တဲ့ ကိုးတန် ချောင်းကူးတံတားအသစ်ကို ထပ်မံတည်ဆောက်ခဲ့တာ အခု မတ်လဒုတိယပတ်မှာ ဆောက်လုပ်ပြီးစီးခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပါပြီ" ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ကိုးတန်ချောင်းတံတားသည် တံတားအရှည်ပေ ၃၀၀၊ တံတားအကျယ် ၂၄ ပေဖြစ်ကာ တံတားအမျိုးအစားမှာ ဘိုးပိုင်စနစ် သံကူကွန်ကရစ်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံကူကွန်ကရစ် ရေလည်တိုင်နှင့် အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းနှင့် တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်ကာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၅၁၇ ဒသမ ၅ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## မြစ်ကြီးနားမြို့နယ် နန်းကွေ့-နောင်ပုံ ကျေးလက်လမ်း ဆောင်ရွက်ပြီးစီး

**မြစ်ကြီးနား မတ် ၃၀**

မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာနှင့် နောင်ပုံကျေးရွာဆက်သွယ်သည့်လမ်းမှ အရှည်တစ်မိုင် ၂ ဒသမ ၄၅ ဖာလုံရှိ လမ်းအပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၇၆၂ သန်းဖြင့် ဇီးကွက်နှစ်ကောင်ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ကျောက်လမ်းအဖြစ် လည်းကောင်း၊ အရှည်တစ်မိုင် ၂ ဒသမ ၄၅ ဖာလုံရှိ လမ်းအပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၀၉၈ သန်းဖြင့် ဇီးကွက်နှစ်ကောင်ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ မြေသားလမ်းအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ အဆိုပါကျေးလက်လမ်းလုပ်ငန်းရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ စိတ်ချမ်းမြေ့အဆင်ပြေစွာ အသုံးပြုသွားလာလျက်ရှိကြောင်း သိရသည်။

**(၄၉၉)**

NEW MOTION Travels & Tours
ရွှေလျားသစ်လွင် သင်္ကြန်ခရီးစဉ်
☆ တောင်ကြီး ခရီးစဉ် - April; 11,12,13,17
☆ မန္တလေး ခရီးစဉ် - April; 11,17
☆ တောင်ကြီး-ပုဂံ ခရီးစဉ် - April; 11,12
☆ ပုဂံ-ရွှေစက်တော် ခရီးစဉ် - April; 11
☆ ပုဂံ ခရီးစဉ် - April; 11,12,17
☆ အလောင်းတော်ကဿပ ခရီးစဉ် - April; 13,17
☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် - April; 12
☆ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် - April; 11,12
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 ~ 15
(Myanmar Treasure Resort, Aureum Resort & Spa)
မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 ~ 16
(Aureum Resort & Spa)
ရန်ကုန် – ငပလီ ခရီးစဉ်
April - 12 ~ 15
(Aureum Resort & Spa)
မန္တလေး – ငပလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel)
အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ စကားဝါလမ်း၊ တိုက်အမှတ်(၂၇၆/စ)၊ စကားဝါမြိုင်ကွန်ဒို၊ အခန်းအမှတ်-၃စီ၊ (၄-လွှာ)၊ အကျယ်အဝန်း (၁၄၆၀) စတုရန်းပေရှိ ရေ၊ မီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက် သည့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ၊ မြေပိုင်ရှင်နှင့် အခန်းပိုင်ရှင်လည်းဖြစ်သူ ဦးအောင်ထွန်း[၁၂/ကမရ(နိုင်)၀၄၃၈၅၈]ထံမှ ကျွန်ုပ်တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဦး
(B.Sc, RL) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၁၄)
ဖုန်း-၀၉ ၂၅၄၁၃၅၅၇၁၊
၁၀ဘီ၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဒေါက်တာသန်းသန်းအေး
[၇/သနပ(နိုင်)၀၀၆၀၂၂]
ဖုန်း-၀၉ ၅၁၂၀၄၁၈
၁၀-ဘီ၊ မြေနီကုန်းပလာဇာ၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

### မြေကွက်ရောင်းရန်

– ပုသိမ်မြို့၊ မြတ်တို၊ ရကအ (၁၃)နယ်မြေ
(စက်မှုစီးပွားဇုန်) တိုးချဲ့မြို့ကွက်သစ်၊
ပုသိမ်စက်မှုဇုန် နှင့် မြို့နယ်ထွေအုပ်ရုံးအနီး၊
အကွက်အမှတ် –B(272)၊ (273)
(ပါမစ်မြေ) (၄၀×၆၀) နှစ်ကွက်တွဲ၊ သိန်း –၄၀၀




ဆက်သွယ်ရန် –၀၉ –၉၇၇၆၂၁၅၈၄၊ ၀၉ –၂၆၃၁၈၅၂၁၁

အထူးအစီအစဉ် Special Discount
ဒဏ္ဍာရီ
ဆံပင်ဖြောင့် + ပေါင်းတင် + မျက်နှာပေါင်းတင်
အထူးဆံပင်ဖြောင့်ဆိုင်
အထူးနှုန်း 15000 ks.

### အများသိစေရန်ကြေညာခြင်း

ကျွန်မ မအေးချမ်းမြေ့[၁၂/လမန(နိုင်)၁၅၈၄၇၉]သည် မောင်ရဲလွင်ဝင်း[၁၂/ရကန(နိုင်)၀၇၈၄၃၂]နှင့် ၁၈-၃-၂၀၁၆ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တရားရုံး၌ တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ကျွန်မတို့ ပေါင်းသင်းစဉ်က FACEBOOK ACCOUNTတွင် noble-junegirl ဟု အသုံးပြုခဲ့ပြီး ကွာရှင်းပြီးနောက်ပိုင်းတွင် ၎င်း ACCOUNT အစား Aye Chan Myaeဟု အမည်ပြောင်းပြီး တစ်ဦးတစ်ယောက်မှ ဆက်လက်သုံးစွဲ၍ လူမှုရေးထိခိုက်စေသည့် ညစ်ညမ်းစာများ၊ ဓာတ်ပုံများ၊ FACEBOOKတွင် တင်ထားသည်ကို တွေ့ရှိရပါသည်။ ကျွန်မ မအေးချမ်းမြေ့ သည် ၎င်း AC-COUNT အား ဆက်လက်သုံးစွဲခြင်းမရှိတော့ပါ။ ထို့ကြောင့် ယခုကဲ့သို့ ပြုမူဖန်တီးနေမှုများကို လူမှုရေးအသိဖြင့် ရပ်တန့်က ရပ်ပါရန်နှင့် ဆက်လက်၍ ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများအရ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးချမ်းမြေ့[၁၂/လမန(နိုင်)၁၅၈၄၇၉]**

### အိမ်ငှားရန်ရှိသည်

(သစ္စာလမ်းမပေါ်၊ ဘဏ်လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ကိုင်ရန်ကောင်း)

အမှတ်(၄၆၄)၊ ထောင့်ကွက်၊ သစ္စာလမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ပေ(၄၀×၆၀)၊ ၂-ထပ်ခွဲတိုက်၊ ပါဝါမီတာပါ၊ လုပ်ငန်းမျိုးစုံ လုပ်ကိုင်နိုင်သည်။

### ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကိုထင်အောင်မြင့်[၇/ပတန(နိုင်)၀၀၀၀၁၉]၏ ဇနီးဖြစ်သူ မစိုးစိုးခိုင် [၁၄/မမန(နိုင်)၀၂၀၄၀၄]သည် မယားဝတ္တရားများ မကျေပွန်ခြင်းကြောင့် ယနေ့ ကြော်ငြာပါသည့်နေ့မှစ၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်း ခြင်းသည်းခံပါ။)

**ကိုထင်အောင်မြင့် [၇/ပတန(နိုင်)၀၀၀၀၁၉]**


သန့်ရှင်းလတ်ဆတ်သောအရသာအတွက်
Midea ရေခဲသေတ္တာကိုရွေးချယ်လိုက်ပါ
Midea
5 YEAR
WARRANTY
on compressor
M-Care
Midea ထုတ်ကုန်ပစ္စည်းများအကြောင်းကို
ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့အားဆက်သွယ်နိုင်ပါသည်။
YANGON 01 2303013
MANDALAY 02 30791
ရာသီအလိုက် Promotion များကို Midea Facebook Page
တွင်ဝင်ရောက်လေ့လာနိုင်ပါသည်
www.facebook.com/MIDEA.IN.MYANMAR
ORGANISED BY VSK International Co.,Ltd.


MICHELIN ၏ ခရီးသွားလက်ဆောင်
နွေရာသီကျောင်းပိတ်ရက်များအတွင်း
အန္တရာယ်ကင်းစွာ ခရီးသွားနိုင်ရန်အတွက်
Michelin PC တာယာ(၄)လုံးဝယ်ယူတပ်ဆင်သော
မိတ်ဆွေများအား Michelin Smart Travel Bag (၁)လုံး
အထူးလက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်၍
မြန်မာနိုင်ငံရှိ Michelin အရောင်းကိုယ်စားလှယ်
ဆိုင်ကြီးများတွင် ရယူနိုင်ပါပြီ။
လက်ဆောင်ပေးမည့်အချိန်ကာလ
ဧပြီလ(၁)ရက်နေ့ မှ ဧပြီလ (၃၀)ရက်နေ့အထိ (လက်ဆောင်အရေအတွက် ကန့်သတ်ချက်ရှိပါသည်။)
Delivering Safety
EDC (Myanmar Eaik Sar Tha Ya Distribution Co.,Ltd)
Authorized Importer and Distributor of Michelin PC Tyre for Myanmar
Tel: 01-500823, 01-2305508
Fax: +95-1-503729
Email: sales@edcmyanmar.com
Web: www.edcmyanmar.com
MICHELIN


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဖုန်းထဲမှာ ငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းနေပြီလား . . . ?
၈၀၀ ကျပ် ချေးယူလို့ရမယ့် MPT ရဲ့ ယူထား ဝန်ဆောင်မှုရှိတယ်နော်
ယူထား
၈၀၀ ကျပ်
ယူထား ရယူရန် *800# ကို ဖုန်းခေါ်ဆိုပါ (သို့)
1332 သို့ 800 ဟု စာတို ပေးပို့ပါ
အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရုံဖြင့် MPT ၏ ယူထား ဝန်ဆောင်မှုကို ရယူနိုင်ပါပြီ။
• MPT ၏ Prepaid စနစ် GSM/WCDMA အသုံးပြုသူများ ဖြစ်ရပါမည်။
• ဖုန်းငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းသူ ဖြစ်ရပါမည်။
• လွန်ခဲ့သော (၆) လ အတွင်း အနည်းဆုံးတစ်ကြိမ်ဖုန်းငွေဖြည့်ထားသူ ဖြစ်ရပါမည်။
• နောက်ထပ်တစ်ကြိမ် ထပ်မံ ချေးယူလိုပါက ပထမအကြိမ် ယူထား ငွေကို ပေးဆပ်ပြီး ဖြစ်ရပါမည်။
ယူထား ဝန်ဆောင်မှုကို ရက် (၃၀) အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ဖုန်းဘေလ် လွှဲပြောင်းပေးခြင်း (Balance Transfer) မှလွဲ၍ MPT ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။
ယူထား ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ (၅၀) ကျပ်သာ ကျသင့်မည် ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline 24 hours everyday


Thingyan Water Festival...
Additional Flight
Effective from 9 th April 2016 to 20th April 2016
Yangon - Mandalay, Mandalay - Yangon
DAILY FLIGHT
FLIGHT NO. SECTOR DEPERATURE ARRIVAL
K7 406 Yangon - Mandalay 0700 0825
K7 407 Mandalay - Yangon 0840 1005
from
USD 38++
One Way
Limited Seat
Terms & Conditions Apply
we accept: VISA MasterCard MPU
AIR KBZ
FLYING BEYOND EXPECTATIONS
AIR KBZ Limited
Reservation Hot Line: (01) 9670007
No. 147, (5)Quarter, (8½)Mile, Pyay Road, Mayan Gone Township, Yangon.
Office: (01) 9670014~20, (09) 73177805, Facsimile: (01) 662627
Email: info@airkbz.com.mm
:www.facebook.com/AIRKBZ
Mandalay Office
No. 127, Corner of 30th x 65th,
Chan Aye Tharzan Township, Mandalay.
Office: (02) 24861, 62, (09) 974488700, (09) 477121773
Facsimile: (01) 24862


မြန်မာပြည် စီးပွားရေး လမ်းညွှန်
၂၀၁၆
ထွက်ပြီ
မြို့ပေါင်း ၁၀၂ မြို့ပါဝင်သည်
အောက်ပိုင်း
မြို့ပေါင်း ၁၂၀ မြို့ပါဝင်သည်
အထက်ပိုင်း
Myanmar Business DIRECTORY
ဘာပဲလိုလို ?
Everything U Need
Sales Direct Line
YANGON 09 - 448001662
MANDALAY 02 - 4000611
www.myanmarbusiness-directory.com


2016 APRIL
SAMSUNG DAY
Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီး နှစ်သစ်ကို ကြိုဆိုကြရအောင်....
ဧပြီ လ (၁)ရက် - (၅)ရက်နေ့အထိ ...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Power Bank+ Stand + Bluetooth Speaker
Dual Charger
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Water Proof Bag
Samsung Towel
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG



အထူးဧည့်သည်တော် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာရာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့က ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော အထူးဧည့်သည်တော် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ၏ ဧည့်သည်တော်များ၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်အေးအေးသိန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က သံတမန်များအဖွဲ့ နာယက စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲအပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)


"ဆရာကြီး ဦးသိန်းနိုင်ကိုယ်တိုင် သင်ကြားသည်"
ဂုဏ်ထူးမြန်မာစာ
ဘယ်ကျောင်းမှာပဲ သင်သင် ဘယ်ဝိုင်းမှာပဲ တက်တက်
မြန်မာစာဂုဏ်ထူးအတွက်ဆိုရင်တော့...
ဓနွှ သင်တန်းကြီးကို မဖြစ်မနေ တက်ကြရသည်
၂၀၁၅ မြန်မာစာအမှတ်အများဆုံး တပည့်ရှင်၊ တပည့်ချစ်များ

| | | | | |
|---|---|---|---|---|
| မသော်သော်ဟန် | ပထမ | ၉၃ မှတ် | ဆလသ ၂၇၂ | (၆ ဘာသာ) |
| မထားအိအိလှိုင် | ဒုတိယ | ၉၂ မှတ် | ဆသသတ၄၁၂ | (၅ ဘာသာ) |
| မမေသင်းခိုင် | တတိယ | ၉၁ မှတ် | ဆလ ၁၇၀ | (၅ ဘာသာ) |
| အင်ကြင်းမွှေး | တတိယ | ၉၁ မှတ် | ဆလသ ၂၂၂ | (၅ ဘာသာ) |

● တစီစာကုံး အထူးတန်းခွဲကြီး (၉) ခွဲ
● ၈၊၉၊၁၀ တန်း သင်ရိုးကုန်တန်းခွဲ တစ်ခွဲစီသာ ယခုအထိ နေရာရရှိ သေးသည်။
မတ်လ (၉) ရက်နေ့ ဖွင့်မည်

နှစ်စ နှစ်ဆုံး အပျက်အကွက် မရှိ သင်ကြားကြောင်း စာချုပ်ချုပ်ဆိုပေးသည့်
အတုမရှိ အတုမရှိသော ဆရာအင်အား
ဂုဏ်ထူး ဦးသိန်းနိုင်
ဂုဏ်ထူး ဦးအောင်ခိုင်
ဒေါက်တာ ညီညီ
ဒေါက်တာထွန်းခင်
ဒေါ်ထွေးညွန့်လွင်၊ ဆရာတော်လင်းအောင်
ဒေါက်တာ ဗီဝ (ဒေါက်တာ ညီညီနိုင်)
စိုင်းစိန်မြင့်အောင်
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
ကိုယ်တိုင် စီမံ၊ ကွပ်ကဲ၊ ခန့်ခွဲ အုပ်ချုပ်သည်။

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့် ပညာရေးအဆင့်မြင့် ဘော်ဒါ
● ရန်ကုန်မြို့၏ No.1 ဆရာများချည်းသာ သင်သည်။
● ဝါရင့် Guide များက တစ်နေ့ (၃) နာရီ လေ့ကျင့်ပေးသည်။
● စာသင်ခန်း၊ စာကျက်ခန်း၊ အိပ်ခန်းများကို အဆင့်မြင့်ဆုံး Air Con ခန်းများနှင့် ထားသည်။
● စားသောက်ရေး (MENU ပေး၍ တစ်သွေမတိမ်း) ချက်ပြုတ်သည်။
● ရန်ကုန်မြို့နယ် အသီးသီးမှ Ferry ကား ကြို/ပို့ ရှိသည်။
ယခုမှ ကျောင်းစ နေကြမည့် သူငယ်တန်းသားများအတွက် အသစ်စက်စက် သင်ရိုးနှင့်အတူ သင်ကြားနည်းသစ်ကို မဏ္ဍိုင်ပြု၍ အထူးသင်သည်။
သူငယ်တန်းမှ ဒသမတန်းအထိ
ဧပြီလ (၂၇) ရက်နေ့ ဖွင့်မည်။
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ကျောင်းသားလက်ခံနေပါပြီ
၂၀၁၅ ခုတွင် မွေးထုတ်ခဲ့သော တပည့်ရှင်များ
(၆) ဘာသာ ဂုဏ်ထူးရှင် (၂၂) ဦး
(၅) ဘာသာ ဂုဏ်ထူးရှင် (၃၀) ဦး
(၄) ဘာသာ ဂုဏ်ထူးရှင် (၁၃) ဦး
(၃) ဘာသာ ဂုဏ်ထူးရှင် (၇) ဦး
(၂) ဘာသာ ဂုဏ်ထူးရှင် (၄) ဦး
(၁) ဘာသာ ဂုဏ်ထူးရှင် (၆) ဦး
စုံစမ်းအပ်နှံရန်... ● ဓနွှ မြန်မာစာ ၁၈၈ (၃) ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ ၃၇၅၅၀၉၊ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁၊ ၂၅၀၀၆၃၅၃၅
● အ.ထ.က ခြံအမှတ် ၂၀ A +၂၀ B ဝေဇယန္တာလမ်းမကြီး၊ ရွှေနားပန်ဘုရားလမ်း၊ (ORANGE SUPER MART နှင့် ကပ်လျက် ညာဘက်)၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၅၁၈၀၃၇၇၊ ၀၉၄ ၂၀၃၀၇၂၇၊ ၀၉ ၅၀ ၂၄၀၄၁
● အိမ် ခြံအမှတ် ၁၄၊ မင်းနန္ဒာ လုံးချင်းအိမ်ရာ၊ ဝေဇယန္တာလမ်းမကြီး၊ (ရွှေပုဇွန်နှင့် မျက်စောင်းထိုး)၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၅၁၈၀၃၇၇၊ ၀၉၄ ၂၀၃၀၇၂၇၊ ၀၉ ၅၀ ၂၄၀၄၁၊

ကြေးမုံ
အထူးကဏ္ဍ
*the* **Mirror Daily**
Thursday, March 31, 2016

# ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့



ကြေးမုံ
အထူးကဏ္ဍ (ခ)
the Mirror Daily
Thursday, March 31, 2016

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြား



**အစိုးရသစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးနဲ့ ပြည်သူလူထုအများစုရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွားမှာဖြစ်။**

**နေပြည်တော် မတ် ၃၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။ **(ဝဲပုံ)**

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား**

ဒီ ပြည်ထောင်စု လွှတ်တော်ကြီးက ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရတာဟာ အထင်ကရ သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခုဖြစ်တဲ့အတွက် ကျွန်တော် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်သမ္မတဖြစ်လာတာနဲ့အညီ ကျွန်တော်က ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ့်ပုဂ္ဂိုလ်ဖြစ်လာပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ် လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ယခုအစိုးရသစ်အနေဖြင့် အောက်ပါမူဝါဒများဖြစ်တဲ့

- အမျိုးသားရင်ကြားစေ့ရေး
- ပြည်တွင်းငြိမ်းချမ်းရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်ရေးနဲ့
- ပြည်သူလူထုအများစုရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား**

ဒီနေ့ဒီအချိန်မှာ လေးနက်စွာတင်ပြလိုတဲ့ အချက်တစ်ခုရှိပါတယ်။ ဒီအချက်ကတော့ မကြာမီကပဲ ကျွန်တော်ဟာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကတိသစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ်သတိချပ်နေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်နဲ့သင့်တော်မယ့် ဒီမိုကရေစီ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့်တာဝန်ရှိပါတယ်။ နှစ်ရှည်လများ ပြည်သူလူထုလိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာကိုလည်း သိနားလည်ထားပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ယခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်သူလူထုရဲ့မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုခြင်းဖြစ်ပါတယ်။

နိုင်ငံသူ နိုင်ငံသားအားလုံး ချမ်းမြေ့သာယာစွာနဲ့ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေ။

**(သတင်းစဉ်)**




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ကြေးမုံ
အထူးကဏ္ဍ (ဂ)
the Mirror Daily
Thursday, March 31, 2016

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကတိသစ္စာပြုခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ


ဒေါ်အောင်ဆန်းစုကြည်


ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ


ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း


ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်


ဒေါက်တာဖေမြင့်


သူရဦးအောင်ကို


ဒေါက်တာအောင်သူ


ဦးသန့်စင်မောင်


ဦးအုန်းဝင်း


ဦးသိန်းဆွေ


ဦးခင်မောင်ချို


ဒေါက်တာသန်းမြင့်


ဒေါက်တာမြင့်ထွေး


ဦးကျော်ဝင်း


ဦးဝင်းခိုင်


ဒေါက်တာဝင်းမြတ်အေး


ဦးအုန်းမောင်


နိုင်သက်လွင်

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ကတိသစ္စာပြုခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနစာရင်း

| စဉ် | ဝန်ကြီးအမည် | ဝန်ကြီးဌာန |
|---|---|---|
| ၁။ | ဒေါ်အောင်ဆန်းစုကြည် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| | | သမ္မတရုံးဝန်ကြီးဌာန |
| | | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| | | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၅။ | ဒေါက်တာဖေမြင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| ၆။ | သူရဦးအောင်ကို | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၇။ | ဒေါက်တာအောင်သူ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၈။ | ဦးသန့်စင်မောင် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဦးအုန်းဝင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၁၀။ | ဦးသိန်းဆွေ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၁။ | ဦးခင်မောင်ချို | စက်မှုဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာသန်းမြင့် | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာမြင့်ထွေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ဦးကျော်ဝင်း | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၅။ | ဦးဝင်းခိုင် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာဝင်းမြတ်အေး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၇။ | ဦးအုန်းမောင် | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၁၈။ | နိုင်သက်လွင် | တိုင်းရင်းသားရေးရာဝန်ကြီးဌာန |


နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းသည့် အခမ်းအနားသို့ တက်ရောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယသမ္မတများ၊ ဝန်ကြီးများ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြေးမုံ
အထူးကဏ္ဍ (ဃ)
the Mirror Daily
Thursday, March 31, 2016

# နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းဝင်များ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာပြု



နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်၊ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၃၀**

**"ယခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောကြားလိုပါတယ်"**ဟု နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပစဉ် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်သော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်နှင့် ဦးကျော်ဆန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပေးပို့လာသည့် နိုင်ငံတကာအကြီးအကဲများ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ကြေညာချက်နှင့် သတင်းထုတ်ပြန်ချက်များကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့ကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုနီတန်ကင်ယန်းနှင့် စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဒိုဂန်၊ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆာဂျီယို မက်ထရီလာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးတန်ဆန်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူဟာမစ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ် ဒေ့ါဇက်ကင်းယက်၊ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုမက် ဟင်းဒရစ်အီဘတ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ဆွစ်ကွန်ဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဂျိုဟန်း အမ်စနိုက်ဒါအာမန်၊ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်းဒရစ်ကစ်စကာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ အိန်ဂျလာ မာကယ်၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် အမေရိကန်ကွန်ဂရက်၊ အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ၊ အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ မစ္စတာ မက်ဆယ်မွန်တို့ထံမှ သတင်းထုတ်ပြန်ချက်တို့ ဖြစ်ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံပိုင်သတင်းစာတွေ ဘာကြောင့်ဆက်ရှိသင့်သလဲ

ကမ္ဘာရွာကြီးမှာ သတင်းမျိုးစုံဟာ နေ့စဉ်နာရီနဲ့ အမျှဖြစ်ပျက်နေပါတယ်။ ဒီသတင်းပေါင်းစုံ စိတ်ဝင်စားစရာ အဖြစ်အပျက်တွေကို သတင်းသမားတွေက နည်းလမ်းမျိုးစုံနဲ့ တင်ပြနေကြပါတယ်။ နည်းလမ်းစုံဆိုရာမှာ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေလိုပုံနှိပ်ဖော်ပြတဲ့ နည်းလမ်းနဲ့တင်ပြတာရှိတယ်။ အင်တာနက်၊ အွန်လိုင်းတို့ ဖေ့စ်ဘွတ်ခ်တို့နဲ့ တင်ပြတာရှိတယ်။ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ လူထုထံပို့ပေးတာတွေလည်းရှိတယ်။ ဒါကြောင့် ကမ္ဘာရွာက ရွာသူရွာသားတွေဟာ သူတို့မှီတင်းနေထိုင်ရာ ရွာထဲကသတင်းတွေကို မိနစ်နဲ့အမျှသိနေကြပါတယ်။

ကြေးနန်းရိုက်တဲ့ အတတ်ပေါ်လာတော့ သတင်းတွေကို ကြေးနန်းနဲ့ပို့ခဲ့ကြတယ်။ နောက်တော့ တယ်လီဖုန်းတို့၊ ဖက်စ်တို့ပေါ်လာပြီး တယ်လီဖုန်းလိုင်းနဲ့ ပို့ကြတယ်။ ခုတော့ အင်တာနက်နဲ့ဆိုတော့ မြန်မှမြန်။ ကမ္ဘာအနောက်ခြမ်းမှာ ဖြစ်ပျက်သမျှကို အရှေ့ခြမ်းသာမက တစ်ကမ္ဘာလုံးကပါ အချိန်နဲ့တစ်ပြေးညီသိလာကြတယ်။ ဒီလိုလူတွေ သတင်းတွေ သိလာအောင် ဆောင်ကြဉ်းပေးတဲ့နေရာမှာ အင်တာနက်ခေတ်မို့ အင်တာနက်အသုံးများလာကြသော်လည်း နှစ်ပေါင်းများစွာကတည်းကရှိနေတဲ့ ပုံနှိပ်သတင်းစာများကဏ္ဍဟာလည်းအရေးပါဆဲပါပဲ။ ကမ္ဘာ့အနောက်ခြမ်း၊ အရှေ့ခြမ်းတွေက သတင်းစာအကြီးအသေးတွေဟာ နေ့စဉ် စောင်ရေသန်းပေါင်းများစွာ ပုံနှိပ်ထုတ်ဝေနေကြဆဲပါပဲ။ လူငယ်ထုက သတင်းစာဖတ်တာလျော့လာလို့ သတင်းစာကြီးတွေ စောင်ရေကျနေကြပါတယ်။ သို့သော်သတင်းစာလောကဟာ ပန်းပန်ဆဲပါပဲလို့ပြောလို့ရပါတယ်။

သတင်းများဟာ တစ်ကမ္ဘာလုံးမှာ အရေးပါဆဲဖြစ်ပါတယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ ပိုလို့တောင် အရေးပါနေသေးတယ်လို့ဆိုရမလားပဲ။ ကျွန်တော်တို့တိုင်းပြည်မှာဆိုရင် သတင်းစာကြီးများဟာ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းအထွေထွေကိုပေးနေရုံမက လူထုတွေအကြားမှာ ဆက်သွယ်ရေးပစ္စည်းတစ်ခုအနေနဲ့လည်း ရပ်တည်လျက်ရှိပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ အစိုးရသစ်ဟာ စတင်တာဝန်ယူပြီဖြစ်ပါတယ်။ ဒီလိုတာဝန်ယူတဲ့အခါမှာ အခု

အစိုးရပိုင်အဖြစ်ထုတ်နေတဲ့ သတင်းစာကြီးများဟာ မရှိသင့်တော့ဘူးလို့ မြင်တာမျိုးရှိပါတယ်။ အစိုးရသစ်ဟာ ပြည်သူလူထုက တစ်ခဲနက်ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ဒီမိုကရေစီအစိုးရဖြစ်လို့ အစိုးရသတင်းကို အသားပေးဖော်ပြတဲ့ အစိုးရသတင်းစာတွေမရှိသင့်ဘူး ဆိုတဲ့သဘောပါ။ ဒီသဘောတရားကို ကျွန်တော်လည်း ထောက်ခံပါတယ်။ ဒါပေမယ့် အစိုးရပိုင်သတင်းစာကြီးတွေကို ပိတ်ပစ်တဲ့ပုံစံနဲ့တော့ မလုပ်သင့်ဘူးလို့ယူဆပါတယ်။

အစိုးရပိုင် မြန်မာ့အလင်း၊ ကြေးမုံစတဲ့သတင်းစာ




ကြီးတွေဟာ မူလက ပုဂ္ဂလိကပိုင်ပေါ့။ ပြည်သူပိုင်လုပ်လိုက်တဲ့ခေတ်မှာ အစိုးရပိုင်ဖြစ်သွားတယ်။ ဒါက တစ်ကဏ္ဍထားလိုက်ပါတော့။ အစိုးရပိုင်ဖြစ်လာတော့ထပ်မံတိုးချဲ့ထားတာတွေ အများကြီးပါ။ ပုံနှိပ်စက်အသစ်ကြီးတွေ၊ သတင်းစာတိုက်အဆောက်အအုံအသစ်တွေ၊ တခြားစက်ကိရိယာတွေမှာ ရင်းနှီးထားရတဲ့ပြည်သူ့ဘဏ္ဍာတွေဆိုတာ နည်းနည်းနောနောမဟုတ်ပါဘူး။

အစိုးရသတင်းစာကြီးတွေဟာ သတင်းဖော်ပြရာမှာတော့ ခေတ်အဆက်ဆက် အစိုးရသတင်းကိုပဲ ဦးစားပေးဖော်ပြခဲ့ပါတယ်။ အစိုးရအာဘော်ကိုတင်ပြခဲ့ပါတယ်။ ဒီအလုပ်မျိုးကို ပြည်သူ့ဒီမိုကရေစီခေတ်မှာ မလုပ်တော့ဘူးဆိုရင်၊ လုပ်စရာမလိုတော့ဘူးဆိုရင် အစိုးရသတင်းစာတွေကို တကယ်လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ပေးလိုက်ပါလို့ အကြံပြုချင်ပါတယ်။ အယ်ဒီတာတွေကို သတင်းကိုလွတ်လွတ်လပ်လပ်ရေးခွင့်ပေး၊ အစိုးရသတင်းကိုချည်း ဦးစားပေးမဖော်ပြဘဲ လူထုစိတ်ဝင်စားတဲ့ ပကတိအခြေအနေကို ရေးခွင့်ပေးလိုက်လို့ရပါတယ်။ အစိုးရဘဏ္ဍာငွေက ထည့်မသုံးရအောင် ကိုယ့်စရိတ်ကိုယ်ရှာရုံမက နိုင်ငံတော်ဘဏ္ဍာကိုတောင် အမြတ်ငွေတွေပေးနိုင်တဲ့ လုပ်ငန်းကြီးတွေဖြစ်လာအောင် ပျိုးထောင်ပေးလို့ရပါတယ်။ ဥပမာ အင်္ဂလန်နိုင်ငံက ဘီဘီစီကော်ပိုရေးရှင်းလိုပေါ့ခင်ဗျာ။ အစိုးရဆီက ငွေရနေသော်လည်း အစိုးရအာဘော်မဟုတ်ဘဲ လွတ်လပ်စွာရေးသားထုတ်ဝေတဲ့ပုံစံလုပ်ပေးစေချင်ပါတယ်။

**အစိုးရသတင်းစာကြီးတွေဟာ သတင်းဖော်ပြရာမှာတော့ ခေတ်အဆက်ဆက် အစိုးရသတင်းကိုပဲ ဦးစားပေးဖော်ပြခဲ့ပါတယ်။ အစိုးရအာဘော်ကိုတင်ပြခဲ့ပါတယ်။ ဒီအလုပ်မျိုးကို ပြည်သူ့ဒီမိုကရေစီခေတ်မှာ မလုပ်တော့ဘူးဆိုရင်၊ လုပ်စရာမလိုတော့ဘူးဆိုရင် အစိုးရသတင်းစာတွေကို တကယ်လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးလိုက်ပါလို့ အကြံပြုချင်ပါတယ်။**

ဒီနေ့ထုတ်ဝေနေတဲ့ နိုင်ငံပိုင်သတင်းစာကြီးတွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာပါ ကိုယ်ပွားသတင်းစာတိုက်တွေဖွင့်ထားပြီး တစ်ပြိုင်တည်းရိုက်၊ တစ်ပြိုင်တည်းဖြန့်နေတဲ့အဆင့်ကို ရောက်နေတာပါ။ လူထုအကြားသတင်းများ ဖြန့်ဖြူးပေးရေးမှာလည်း အခုထိ ပုဂ္ဂလိကသတင်းစာတွေမလိုက်နိုင်သေးပါဘူး။ ဒီကနေ့ ရန်ကုန်မှာ လူတစ်ယောက်နာရေးကိစ္စဖြစ်ရင် နောက်နေ့စစ်တွေမှာရော မြစ်ကြီးနား၊ တောင်ကြီးမှာပါ တစ်ပြိုင်တည်းသိနိုင်တဲ့အဆင့်ရှိပါတယ်။ ဒီအဆင့်ကို ပုဂ္ဂလိက သတင်းစာတွေလိုက်ဖို့မလွယ်သေးပါဘူး။ ပုဂ္ဂလိကသတင်းစာတွေဟာ ခုချိန်ထိ သာရေး၊ နာရေးရော၊ လုပ်ငန်းကြော်ငြာများပါ ဖြစ်ဖြစ်မြောက်မြောက်မရနိုင်သေးတဲ့ အခြေအနေပဲရှိပါသေးတယ်။ ဒီအခြေအနေမှာ အစိုးရသတင်းစာတွေဟာ ရပ်သွားမယ်ဆိုရင် ဆက်သွယ်ရေးလုပ်ငန်းမှာ တစ်စုံတစ်ရာ ခါးပြတ်သွားနိုင်တယ်ဆိုတာ မငြင်းနိုင်ဘူးလို့ ထင်ပါတယ်။ ဒါကြောင့် အစိုးရပိုင်သတင်းစာတွေကို အစိုးရသတင်းဖောင်းပေးမရေးတော့ဘဲ ကိုယ့်ဌာနဝင်ငွေနဲ့ရပ်တည်နိုင်တဲ့ အစိုးရလုပ်ငန်းများအဖြစ် ရပ်တည်နိုင်အောင် ပြုပြင်ပေးခြင်းကိုသာ လုပ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ကျွန်တော် မောင်ရွှေလင်းဟာ သတင်းစာဆရာပါ။ ဒါပေမယ့် အစိုးရသတင်းစာကတော့ မဟုတ်ပါဘူးခင်ဗျာ။ ။

မောင်ရွှေလင်း

## ၂၀၁၆ ခုနှစ် ဧပြီလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

နေ့အပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်နိုင်သည်။

## လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆေးဝါးများ၏ အရည်အသွေးကို စိစစ်ရန်လို

**ရေတာရှည် မတ် ၃၀**

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ အဓိကသုံးစွဲလျက်သော ဆေးဝါးများနှင့် ပတ်သက်၍ စိစစ်ရန်လိုအပ်နေကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆင်ငွေကျေးရွာနေဒေသခံများက ပြောသည်။

ပဲစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများ၌ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး အစရှိသဖြင့် ဝယ်ယူသုံးစွဲလျက်ရှိကြရာတွင် လက်ရှိတွင် ဆေးဝါးများ၏ အာနိသင်မှာ ငွေကုန်ကြေးကျများသလောက် အကျိုးရလဒ်နည်းပါးနေကြောင်း သိရသည်။

"ပိုးသတ်ဆေးတွေက အရင်ကလောက်ကို အာနိသင်မရှိသလိုပဲ။ ကျွန်တော်တို့လည်း ဆေးအညွှန်းအတိုင်း တိတိကျကျသုံးစွဲကြပါတယ်။ တောင်သူတွေအနေနဲ့လည်း ဆေးဝါးသုံးစွဲမှုတွေနဲ့ အကျွမ်းဝင်ပြီးသားပါ" ဟု ဒေသခံတောင်သူတစ်ဦးက ဆိုသည်။

လက်ရှိ တောင်သူများသုံးစွဲလျက်ရှိသော ဓာတုဆေးဝါး အတုအပများ ဝင်ရောက်နေသည့်သတင်းများလည်း ရရှိထားရာ တောင်သူများအနေဖြင့် စိတ်ချယုံကြည်ရသော ဆိုင်များတွင်သာ ဝယ်ယူကြရန်လိုအပ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ရေခံ၊ မြေခံဒေသများအလိုက် စိုက်ခင်းသီးနှံခင်းများအပေါ် အကျိုးသက်ရောက်မှုများစွာရှိရာတွင် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်သင့်ကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



## ၂၀၁၆ ခုနှစ် ဧပြီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

နေ့အပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ ပထမ(၁၀)ရက်ပတ်၏ ပျမ်းမျှအပူချိန်ခန့်သာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ ပထမ(၁၀)ရက်ပတ်၏ ပျမ်းမျှအပူချိန်တို့ထက်ပိုနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်နိုင်သည်။

